# ကြေးမုံ
# The Mirror

၁၃၇၂ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၉ ရက်၊ သောကြာနေ့၊ (28-1-2011) (၆၆၅၈)


**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရ ဦးတင်အောင်မြင့်ဦး၊ ဝန်ကြီး ဦးစိုးသာနှင့် ဝန်ကြီး ဦးလှထွန်းတို့၏ ရှေ့မှောက်၌ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှသိန်းဆွေနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ EXIM Bank of China ဒုတိယဥက္ကဋ္ဌ Mr. Zhu Xinqiang တို့ နှစ်နိုင်ငံ အကျိုးတူပူးပေါင်းဆောင်ရွက်ရေးအတွက် ရင်မင်ဘီချေးငွေထုတ်ချေးရေးဆိုင်ရာ မူဘောင်သဘောတူစာချုပ် ပြင်ဆင်ချက် သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးကြစဉ်။** (သတင်းစဉ်)

# နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက မြန်မာအထူးစီးပွားရေးဇုန်ဥပဒေ ထုတ်ပြန်ပြဋ္ဌာန်း

နေပြည်တော် ဇန်နဝါရီ ၂၇

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဥပဒေအမှတ်(၈/၂၀၁၁)ဖြင့် မြန်မာအထူးစီးပွားရေးဇုန်ဥပဒေကို ၁၃၇၂ ခုနှစ် ပြာသိုလပြည့်ကျော် ၈ ရက်၊ ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၂၇ ရက် နေ့စွဲဖြင့် ထုတ်ပြန်ပြဋ္ဌာန်းလိုက်သည်။**

အဆိုပါဥပဒေတွင် အခန်း ၁၂ ခန်းပါရှိပြီး အခန်း(၁) အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်၊ အခန်း(၂) ရည်ရွယ်ချက်များ၊ အခန်း(၃) အထူးစီးပွားရေးဇုန်၊ အခန်း(၄) မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုအဖွဲ့၊ ဗဟိုလုပ်ငန်းအဖွဲ့နှင့် စီမံခန့်ခွဲမှုကော်မတီများဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ၊ အခန်း(၅) ရင်းနှီးမြှုပ်နှံသူ၏ အထူးအခွင့်အရေးများ၊ အခန်း(၆) ရင်းနှီးတည်ဆောက်သူ သို့မဟုတ် ရင်းနှီးမြှုပ်နှံသူ၏ သီးခြားတာဝန်များ၊ အခန်း(၇) မြေအသုံးပြုခြင်း၊ အခန်း(၈) ဘဏ်နှင့်ငွေရေးကြေးရေး စီမံခန့်ခွဲခြင်းနှင့် အာမခံလုပ်ငန်း၊ အခန်း(၉) အကောက်ခွန်ဦးစီးဌာနက စီမံခန့်ခွဲခြင်းနှင့် ကုန်ပစ္စည်းများစစ်ဆေးခြင်း၊ အခန်း(၁၀) ကူးစက်ရောဂါရှိ၊ မရှိစစ်ဆေးခြင်းနှင့် ကူးစက်ရောဂါပြန့်ပွားမှုမရှိစေရန် သီးသန့်ထားရှိခြင်း၊ အခန်း(၁၁) အလုပ်သမားရေးရာ ကိစ္စရပ်များ၊ အခန်း(၁၂) အထွေထွေတို့ ဖြစ်သည်။

အဆိုပါဥပဒေ အပြည့်အစုံကို မြန်မာနိုင်ငံပြန်တမ်းတွင် ထည့်သွင်းဖော်ပြမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

## နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✳ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- ✳ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✳ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✳ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့်ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့် ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# အတွင်းရေးမှူး(၁)သီဟသူရဦးတင်အောင်မြင့်ဦး ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ EXIM Bank of China တို့အကြား ချေးငွေစာချုပ်များ လက်မှတ်ရေးထိုးပွဲ တက်ရောက်ချီးမြှင့်

နေပြည်တော် ဇန်နဝါရီ ၂၇

**ပြည်ထောင်စုမြန်မာနိုင်ငံတော် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ EXIM Bank of China တို့အကြား ချေးငွေစာချုပ်များ လက်မှတ်ရေးထိုးပွဲအခမ်းအနားကို ယနေ့ည ၇ နာရီတွင် နေပြည်တော်ရှိ မြတ်တော်ဝင်ဟိုတယ်၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရ ဦးတင်အောင်မြင့်ဦး တက်ရောက် ချီးမြှင့်သည်။**

အခမ်းအနားသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ် ဝေလွင်နှင့် ဗိုလ်ချုပ်သိန်းဌေး၊ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ✳

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရ ဦးတင်အောင်မြင့်ဦး၊ ဝန်ကြီး ဦးစိုးသာနှင့် ဝန်ကြီး ဦးလှထွန်းတို့၏ ရှေ့မှောက်၌ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မြန်မာ့နိုင်ငံခြား ကုန်သွယ်မှုဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးညီဖြူလှနှင့် EXIM Bank of China ဒုတိယဥက္ကဋ္ဌ Mr. Zhu Xinqiang တို့ ရင်မင်ဘီ ချေးငွေထုတ်ချေးရေးဆိုင်ရာ ပင်မချေးငွေစာချုပ်နှင့် နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ် တည်ဆောက်ရေးစီမံကိန်း အဆင့်(၂) ဝယ်သူချေးငွေစာချုပ်ကို လက်မှတ်ရေးထိုးကြစဉ်။** (သတင်းစဉ်)

၂၈-၁-၂၀၁၁
(သောကြာနေ့)

# အထည်အလိပ် အရည်အသွေးမြှင့်တင်ထုတ်လုပ်

နိုင်ငံခေတ်မီဖွံ့ဖြိုးတိုးတက်ရေး အားထုတ်ရာတွင် စက်မှုနိုင်ငံအဖြစ် တစ်ဆင့်မြင့်တက်လှမ်းနိုင်ရေး ဆက်လက်ကြိုးပမ်းကြရပေမည်။ စက်မှုနိုင်ငံအဖြစ် ကူးပြောင်းတက်လှမ်းရာတွင် အခြေခံလိုအပ်သည့် လျှပ်စစ်စွမ်းအား ဖြည့်ဆည်းပေးနိုင်ရေး လျှပ်စစ်ဓာတ်အားပေးစက်ရုံကြီးများ အစီအရီ တည်ဆောက်ဖွင့်လှစ်ပေးနေပြီ။ နိုင်ငံတစ်ဝန်း လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၃၀၀၀ကျော် ထုတ်လုပ်ပေးနိုင်နေပြီ။

စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အပိုင်း၊ ပုဂ္ဂလိကအပိုင်း ဟန်ချက်ညီညီ ဆောင်ရွက်ကြရပေမည်။ စက်မှုနယ်မြေများ၊ စက်မှုဇုန်များထူထောင်၍ စက်ရုံ၊ အလုပ်ရုံအသစ် များစွာကို တိုးချဲ့တည်ဆောက်နိုင်နေပြီ။ စက်မှုလုပ်ငန်းအကြီးစား၊ အလတ်စား၊ အငယ်စား တစ်သိန်းကျော်ရှိနေပြီ။ စက်မှုဇုန် ၁၈ ခုတွင် စက်ရုံ၊ အလုပ်ရုံပေါင်း ၉၀၀၀ ကျော် ထူထောင်လုပ်ကိုင်လျက်ရှိသည်။

နိုင်ငံတော်၏ အားပေးကူညီမှုဖြင့် သံရည်ကျို၊ စက်ခုတ်စားပုံလောင်း အလုပ်ရုံသုံးခုကို မန္တလေး၊ တောင်ကြီး၊ အေးသာယာနှင့် မုံရွာစက်မှုဇုန်များတွင် တည်ထောင်လည်ပတ် ထုတ်လုပ်လျက်ရှိသည်။ အသေးစားနှင့် အလတ်စား စက်မှုလုပ်ငန်းများကို နည်းပညာနှင့် အခြားလိုအပ်ချက်များ ပံ့ပိုးအားပေးကူညီလျက်ရှိရာ ပြည်ပပို့ကုန်အစားထိုး စက်မှုလက်မှုလုပ်ငန်းများ တိုးတက်လုပ်ကိုင်လာနိုင်သည်ကို တွေ့ရသည်။

နိုင်ငံ၏ အဝတ်အထည်ကဏ္ဍတွင် ကုန်ကြမ်းအနေဖြင့် ဝါတစ်မျိုးတည်းကိုသာ သုံးစွဲထုတ်လုပ်နေသည်။ နိုင်ငံပိုင်ကဏ္ဍတွင် မြန်မာ့အထည်အလိပ်လုပ်ငန်းရှိ စက်ရုံ ၁၇ ရုံနှင့် တပ်မတော်စက်ရုံနှစ်ရုံ၊ ပုဂ္ဂလိကစက်ရုံ ရှစ်ရုံတို့မှ နိုင်ငံ၏အထည်အလိပ် လိုအပ်ချက်ကို ဖြည့်ဆည်းပေးနေသည်။ ပြည်တွင်းလိုအပ်ချက် လုံလောက်စွာ ဖြည့်ဆည်းပေးနိုင်ရေး အထည်စက်ရုံ၊ အလုပ်ရုံများ တိုးချဲ့တည်ဆောက်ရန် လိုအပ်မည်ဖြစ်သည်။

လူနေမှုအဆင့်အတန်း မြင့်မားလာမှုနှင့်အတူ ခေတ်နှင့်လျော်ညီသည့် နေထိုင်ဝတ်စားဆင်ယင်မှုများ လိုအပ်လာသည်။ အရည်အသွေးကောင်း ဆန်းသစ်မှုရှိသော အဝတ်အထည်များ ပိုမိုဝယ်ယူသုံးစွဲလာကြသည်။ ပြည်တွင်းရှိ သဘာဝကုန်ကြမ်းများကိုအသုံးပြုပြီး ရေယွန်းချည်ဖြင့် ထုတ်လုပ်သည့် အထည်အလိပ်စက်ရုံများ တည်ဆောက်ထုတ်လုပ်နိုင်ရေး ကြံဆကြရပေမည်။ ကောင်းမွန်ဆန်းသစ်သည့် အဝတ်အထည်များ ထုတ်လုပ်နိုင်ခြင်းဖြင့် ဝတ်ဆင်သူများရော ထုတ်လုပ်သူများပါ အကျိုးဖြစ်ထွန်းမှု ရရှိလာမည်ဖြစ်သည်။

နိုင်ငံအတွင်း စက်မှုနယ်မြေများ၊ စက်မှုဇုန်များ ထူထောင်လာနိုင်မှုနှင့်အတူ ကုန်ပစ္စည်းများ ထုတ်လုပ်နေကြပြီ။ ဈေးကွက်တွင် နိုင်ငံတကာထွက်ကုန်ပစ္စည်းများနှင့် ယှဉ်ပြိုင်ဖြန့်ဖြူးနိုင်ရေးအတွက် အရည်အသွေးမီ ကုန်ပစ္စည်းများ ထုတ်လုပ်နိုင်ရေး အလေးထားကြရပေမည်။ အထည်အလိပ်ကဏ္ဍ တိုးတက်မြှင့်တင်ထုတ်လုပ်နိုင်ရေး နည်းပညာပိုင်း၊ အရည်အသွေးပိုင်း၊ နည်းပညာပူးပေါင်းဆောင်ရွက်မှုအပိုင်းများ ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်သွားကြရမည် ဖြစ်ပါသည်။ ။

## တစ်ချက်တည်းကျင်းဝင်

**ရန်ကုန် ဇန်နဝါရီ ၂၇**

ဦးကျော်ဝင်း (ဇာတိနွယ်)သည် ကစားဖော်များဖြစ်ကြသော ဗိုလ်မှူးကြီး ဆန်နီအုန်း၊ ဒုတိယဗိုလ်မှူးကြီး ကျော်ဝင်းမောင် (ငြိမ်း)၊ ဦးခင်မောင်ထွန်း (မြို့နယ်အကောက်ခွန်မှူး)၊ ဦးခင်လှိုင်ဦး (အာရှမြန်မာ)တို့နှင့်အတူ ဇန်နဝါရီ ၂၆ ရက် ညနေ ၄ နာရီတွင် ကရင်ပြည်နယ် ဘားအံမြို့ရှိ ဘားအံဂေါက်ကွင်း၌ ဂေါက်သီးရိုက်ကစားစဉ် Serixon Soft Feel No.2 ဘောလုံးကို Callaway Iron No.6 တုတ်ဖြင့် ရိုက်လိုက်ရာ ၁၆၅ ကိုက် အကွာ၌ရှိသော ကျင်းအမှတ်(၅)သို့ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားကြောင်း သိရသည်။ (သတင်းစဉ်)

## အထက (၂) လားရှိုး အာစရိယပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၂၇**

လားရှိုးမြို့ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ပထမအကြိမ် အာစရိယပူဇော်ပွဲကို ဧပြီ ၃ ရက် (တနင်္ဂနွေနေ့) ညနေ ၃ နာရီတွင် အဆိုပါကျောင်း၌ ကျင်းပမည်ဖြစ်ရာ ဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြပါရန်နှင့် လှူဒါန်းလိုပါက ဦးလှမြင့် (ကျောင်းအုပ်ကြီး) ဖုန်း - ၀၈၂ - ၂၃၀၈၀၊ ဦးသိန်းအောင် ဖုန်း - ၀၈၂ - ၂၂၃၆၉၊ ဦးဌေးလွင် ဖုန်း - ၀၉ - ၅၂၆၀၆၉၈၊ ဦးမောင်မောင်တင် ဖုန်း- ၀၈၂ -၃၀၅၃၉၊ ကိုတင့်ဇော် ဖုန်း - ၀၉ - ၉၂၆၀၄၀၅၊ ကိုလှကျော် ဖုန်း - ၀၉-၅၂၇၆၁၁၈၊ ဒေါ်တင်တင်ချို ဖုန်း - ၀၈၂-၂၅၂၃၄၊ ဒေါ်မိုးမိုးထွန်း ဖုန်း - ၀၉ - ၅၂၆၂၀၅၂၊ ရန်ကုန်မြို့တွင် ဒေါက်တာအေးအေး ဖုန်း - ၀၉ - ၅၀၀၉၈၇၇နှင့် ကိုမြဝင်း ဖုန်း -၀၁ - ၅၀၃၂၇၈ နှင့် မန္တလေးမြို့တွင် ဦးဇေယျာ ဖုန်း - ၀၉ - ၂၀၃၄၇၃၂ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

## သတိပေးနှိုးဆော်ချက်

ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင်မြို့နယ်များရှိ ခရိုင်ရဲတပ်ဖွဲ့ နယ်မြေများအတွင်း ၂၀၀၉/၂၀၁၀ ခုနှစ်တွင် စည်းကမ်းပျက်မော်တော်ဆိုင်ကယ်များအား ဖမ်းဆီးခဲ့ရာ သိမ်းဆည်းရမိသော လိုင်စင်ရှိ စည်းကမ်းပျက်ဆိုင်ကယ် ၂၇၁ စီးအား ၂၁ ရက်အတွင်း ပိုင်ရှင်အမှန်ဖြစ်ကြောင်း အထောက်အထားများပြ၍ ဒဏ်ကြေးငွေကျပ် နှစ်သိန်းပေးဆောင်ပြီး လာရောက်ထုတ်ယူနိုင်ကြောင်းနှင့် ပြန်လည်ထုတ်ယူခြင်းမပြုသော မော်တော်ဆိုင်ကယ်များကို နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

**ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**

## ပြည်သူ့သဘောထား

✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**ဇန်နဝါရီ ၂၇ ရက်က ရန်ကုန်မြို့ ဩစတြေးလျသံအမတ်ကြီးနေအိမ်၌ ကျင်းပသော ဩစတြေးလျအမျိုးသားနေ့ အထိမ်းအမှတ် ညစာစားပွဲအခမ်းအနားသို့ တက်ရောက်လာသော နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်းနှင့်ဇနီးတို့အား ပြည်ထောင်စုမြန်မာနိုင်ငံဆိုင်ရာ ဩစတြေးလျနိုင်ငံသံရုံး-သံရုံးယာယီတာဝန်ခံ Ms. Ruth Stewart ကြိုဆိုနှုတ်ဆက်စဉ်။** (သတင်းစဉ်)

## စာပေဗိမာန်စာမူဆုရ စာအုပ်များဖြန့်ချိ

**ရန်ကုန် ဇန်နဝါရီ ၂၇**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန်က ၂၀၀၈ခုနှစ် စာပေဗိမာန်စာမူဆု ဝတ္ထုတိုပေါင်းချုပ် ပထမဆုရ မြေလတ်မင်းလွင် ရေးသားသည့် "ရေနဲ့မျှားတဲ့ ငါးပလူနှင့် အခြားဝတ္ထုတိုများ" စာအုပ်၊ ပြဇာတ်စာပေ ဒုတိယဆုရ မောင်ဆန္ဒ (လယ်ဝေး) ရေးသားသည့် "စွမ်းအားရှင် လူငယ်များ" စာအုပ်၊ ဝတ္ထုရှည် တတိယဆုရ နီနီနိုင် (သထုံ) ရေးသားသည့် "လှိုင်းလေကြားက ပန်းရွှေကြာ"စာအုပ်၊ ကဗျာပေါင်းချုပ် တတိယဆုရ ဇော်မျိုးဟန် (ငါးသိုင်းချောင်း) ရေးသားသည့် "အနဂ္ဃအလင်္ကာ ကဗျာများ" စာအုပ်တို့ဖြစ်သည်။

အဆိုပါစာအုပ်များကို စာပေဗိမာန် စာအုပ်ဆိုင် အမှတ်(တ-၅၅) သပြေကုန်းဈေး နေပြည်တော် ဖုန်း-၀၆၇-၄၁၄၆၈၁၊ စာပေဗိမာန်စာအုပ်ဆိုင် အမှတ်(၅၂၉ /၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း-၀၁-၂၄၉၀၃၁၊ စာပေဗိမာန်စာအုပ်ဆိုင် မန္တလေးမြို့ ဖုန်း-၀၂-၆၂၉၃၁နှင့် မြို့ အသီးသီးရှိ စာပေဗိမာန် ကိုယ်စားလှယ်များထံ ဝယ်ယူရရှိနိုင်ကြောင်းသိရသည်။

(သတင်းစဉ်)

## အထက(၃) ကြည့်မြင်တိုင် မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၂၇**

အထက(၃) ကြည့်မြင်တိုင် ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ (၁၃) ကြိမ်မြောက် မြတ်ဆရာ ပူဇော်ပွဲကို ဖေဖော်ဝါရီ ၁၂ ရက် (ပြည်ထောင်စုနေ့) နံနက် ၉ နာရီတွင် အဆိုပါကျောင်း စကားဖြူခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ယမန်နှစ်က တက်ရောက်ခဲ့ကြသော ဆရာကြီး၊ ဆရာမကြီးများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ကြပါရန်နှင့် ပူဇော်ပွဲအတွက် လှူဒါန်းလိုသူများသည် ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်သန်းဦး ဖုန်း - ၀၁ -၂၂၀၃၈၀၊ ဥက္ကဋ္ဌ ဦးသိန်းလွင် ဖုန်း-၀၁-၇၃၁၀၇၄၃၈၊ ဦးစိုးဝင်း ဖုန်း-၀၉-၅၁၃၂၀၃၆၊ ဦးခင်မောင်လှ ဖုန်း-၀၉-၈၀၂၃၅၇၉၊ ကိုသန်းထွန်းဆွေ ဖုန်း-၀၁-၅၂၆၅၅၈၊ ကိုစိုးအောင် ဖုန်း-၀၁-၅၁၉၁၈၉၊ မနွယ်နီလှိုင် ဖုန်း-၀၉-၅၁၂၇၄၉၇၊ အတွင်းရေးမှူး တင်ဝင်းလေး (ကြည့်မြင်တိုင်) ဖုန်း-၀၉-၅၀၅၀၂၈၀တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(၅၄၆)

**မိခင်ကြီး ဒေါ်ကျင်အေးအား အမှူးထား၍ ဒုတိယဗိုလ်မှူးကြီးထွဏ်းကြည် (ငြိမ်း)- ဇနီး ဒေါ်လှလှမြင့်နှင့် ဦးမြင့်ဝင်း-ဒေါ်မိုးသီဂီမိသားစုတို့က အိမ်မဲမြို့ ရွှေအိမ်ရတနာဘိုးဘွားရိပ်သာ ဆွမ်းစားဆောင် စကြံလမ်းပြုလုပ်ရန်အတွက် အလှူငွေ ကျပ် ၁၅ သိန်းကို ဘိုးဘွားရိပ်သာဥက္ကဋ္ဌ ဦးစိုးတင့်ထံ ပေးအပ်လှူဒါန်းစဉ်။** (သတင်းစဉ်)

## ခရမ်းမြို့နယ် ကရင်ကံကျေးရွာ ရသရောင်ခြည် စာကြည့်တိုက်ဖွင့်လှစ်

**ရန်ကုန် ဇန်နဝါရီ ၂၇**

ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ် ကရင်ကံကျေးရွာ ရသရောင်ခြည်စာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂၂ ရက် နံနက်၉နာရီတွင် အဆိုပါ စာကြည့်တိုက်အဆောက်အအုံရှေ့၌ ကျင်းပသည်။ အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးတင်မြင့်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အိဇာလှိုင်နှင့် ကရင်ကံကျေးရွာ ဥက္ကဋ္ဌတို့က စာကြည့်တိုက်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် ရသရောင်ခြည် စာကြည့်တိုက်သို့ မြို့နယ်ဥက္ကဋ္ဌက အလှူငွေကျပ် ၃၀၀၀၀နှင့် စာအုပ်မျိုးစုံ အုပ် ၁၀၀၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့တို့က စာအုပ်စာစောင်များ၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အိဇာလှိုင်က ရေဒီယိုတစ်လုံးနှင့် စာအုပ်မျိုးစုံ အုပ် ၁၀၀ နှင့် ကျေးရွာနေပြည်သူများက စားပွဲတစ်လုံး၊ ဗီရိုတစ်လုံး၊ ကုလားထိုင်တစ်လုံး၊ ခုံတန်းရှည်တစ်လုံးနှင့် စာအုပ်စာစောင်များကို ပေးအပ်လှူဒါန်းကြသည်။

အဆိုပါစာကြည့်တိုက်ကို ရန်ကုန်တိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ပံ့ပိုးလှူဒါန်း ငွေကျပ် ၁၀ သိန်းနှင့် ခရမ်းမြို့နယ် ကရင်ကံကျေးရွာနေ ပြည်သူများက ထည့်ဝင်လှူဒါန်း ငွေကျပ် ၁၅သိန်း စုစုပေါင်းငွေကျပ် ၂၅ သိန်းဖြင့် တည်ဆောက်လှူဒါန်းထားခြင်း ဖြစ်ကြောင်းသိရသည်။ (သတင်းစဉ်)

## ရတနာပုံကို အာခံသူ စာအုပ်ထုတ်ဝေဖြန့်ချိ

**ရန်ကုန် ဇန်နဝါရီ ၂၇**

စာရေးဆရာကောင်းထက်၏ ရတနာပုံကို အာခံသူစာအုပ်ကို ထုတ်ဝေဖြန့်ချိလိုက်သည်။ **(ယာပုံ)** ယင်းစာအုပ်တွင် ကုန်းဘောင်ခေတ်နှောင်းကာလဖြစ်သော ဘကြီးတော်မင်းလက်ထက် မင်းပြစ်ဒဏ်သင့်ရသည့် နန်းမတော်မယ်နု အရေးအခင်း၊ နန်းမတော်မမြကလေး၏ ကြေကွဲဖွယ်အဖြစ်တို့မှ စတင်ပြီး ရတနာပုံနေပြည်တော်ကြီး တိုးတက်ထွန်းကားလာပုံ၊ ကနောင်မင်းသား၏ စွမ်းဆောင်မှုတို့ကို သိသာထင်မြင်အောင် ရေးသားတင်ပြထားသည်။

ကုန်းဘောင်ခေတ် သာသနာပြုမင်းတစ်ပါးဖြစ်သော မင်းတုန်းမင်းနှင့် ကနောင်မင်းသားတို့၏ ဆက်နွယ်မှု၊ ကနောင်မင်းသား လုပ်ကြံခံရသည့်အခါ ပေါ်လာသည့် နောက်ဆက်တွဲ ပြဿနာတို့လည်း ပါဝင်သည်။

ရတနာပုံကို အာခံသူမှာ ကနောင်ကိုယ်တော်၏သားကြီး ပန်းထိမ်မင်းသား ဖြစ်သည်။ သမိုင်းတွင် လူပွေ၊ လူတေ၊ အရက်သမားဟု ထင်ရအောင် နာမည် ဖျက်ခံရသော ပန်းထိမ်မင်းသား၏ ပြတ်သားရဲရင့်သည့်စိတ်ဓာတ်၊ လှေ့ခွက်ချည်းကျန် အလံမလှဲသည့် စိတ်ဓာတ်ကို ဖော်ညွှန်းပြီး သမိုင်းထဲမှ သင်ခန်းစာယူစရာများကို တင်ပြထားသည်။

သမိုင်းဖြစ်ရပ်မှန်များ ရေးသားထားသည့် စာအုပ်ကို မိုးကျော်သူစာပေမှ ထုတ်ဝေဖြန့်ချိပြီး တစ်အုပ်လျှင် ငွေကျပ် ၂၀၀၀ဖြင့် စာအုပ်ဆိုင်တိုင်းနှင့် ကုန်တိုက်ကြီးများတွင် ဝယ်ယူရရှိနိုင်ကြောင်းသိရသည်။ (သတင်းစဉ်)

**မိဘနှစ်ပါးနှင့် ခင်ပွန်းဦးစောလုံအားရည်စူး၍ ပြည်လမ်း (၆)မိုင် လှိုင်မြို့နယ် ရန်ကုန်မြို့နေ ဒေါ်နန်းကျိုင်ခမ်းမိသားစုက ဇီဝိတဒါနသံဃာ့ဆေးရုံကြီး (ရန်ကုန်)သို့ ထာဝရ ဆွမ်း၊ ဆေး၊ မျက်စိတွင်းထည့် မှန်ဘီလူးနှင့် ခြောက်ထပ်ဆေးရုံသစ်ကြီး အထူးခန်း တစ်ခန်းအတွက် အလှူငွေကျပ် ၂၅သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်မောင် လက်ခံစဉ်။** (သတင်းစဉ်)

# အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦး တရုတ်ပြည်သူ့သမ္မတနိုင်ငံ EXIM Bank of China ဒုတိယဥက္ကဋ္ဌ Mr. Zhu Xinqiang ဦးဆောင်သောအဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၂၇**

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်-အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦးသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ EXIM Bank of China ဒုတိယဥက္ကဋ္ဌ Mr. Zhu Xinqiang ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

**တက်ရောက်**

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦးနှင့်အတူ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဦးလှထွန်း၊ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်ဝင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိန်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ EXIM Bank of China ဒုတိယဥက္ကဋ္ဌ Mr. Zhu Xinqiang ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr. Li Junhua နှင့် သံရုံးတာဝန်ရှိသူများ တက်ရောက်ကြသည်။ (သတင်းစဉ်)

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦး တရုတ်ပြည်သူ့သမ္မတနိုင်ငံ EXIM Bank of China ဒုတိယဥက္ကဋ္ဌ Mr. Zhu Xinqiang အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။** (သတင်းစဉ်)

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦး တရုတ်ပြည်သူ့သမ္မတနိုင်ငံ EXIM Bank of China ဒုတိယဥက္ကဋ္ဌ Mr. Zhu Xinqiang ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။** (သတင်းစဉ်)

## ကျိုင်းတုံဘိုးဘွားရိပ်သာသို့ အလှူငွေများလှူဒါန်း

**ကျိုင်းတုံ ဇန်နဝါရီ ၂၇**

ကျိုင်းတုံမြို့ အမှတ်(၂)ရပ်ကွက် ဈေးတန်းလေးရပ်နေ ဦးမြင့်စိန်၊ ဇနီး ဒေါ်မြင့်မြင့်သန်း မိသားစုက ဦးမြင့်စိန်၏မွေးနေ့ အထိမ်းအမှတ်အဖြစ် ကျိုင်းတုံမြို့ ဘိုးဘွားရိပ်သာ၌ သံဃာတော်အရှင်သူမြတ်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းပြီး အဘိုးအဘွားများအား နေ့လယ်စာ အာဟာရကျွေးမွေးကုသိုလ်ပြု၍ အလှူငွေကျပ် တစ်သိန်း ပေးအပ်လှူဒါန်းရာ ရိပ်သာကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုင်းဖော်မင်းက လက်ခံကြောင်း သိရသည်။ (ကြေးမုံ)

**မြောက်ဥက္ကလာပမြို့နယ် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း ၂၀၀၉-၂၀၁၀ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို ဇန်နဝါရီ ၁၆ ရက်က ကျင်းပရာ စာစီစာကုံး ပထမဆုရ သတ္တမတန်းမှ မောင်အောင်မြတ်သူအား ကျောင်းအုပ်ဆရာကြီး ဦးအောင်ကြည် ဆုချီးမြှင့်စဉ်။** (ပညာရေး)

## ရမ်းဗြဲမြို့နယ်အတွင်း မျက်စိဝေဒနာရှင်များအား အခမဲ့ကုသ

**ရန်ကုန် ဇန်နဝါရီ ၂၇**

ရခိုင်ပြည်နယ် ရမ်းဗြဲမြို့နယ်အတွင်း မျက်စိဝေဒနာရှင်များအား အခမဲ့ ကုသပေးခြင်းကို အလှူရှင် အမျိုးသားကြီးပွားတိုးတက်ရေးကုမ္ပဏီလီမိတက် ရန်ကုန်မြို့က လှူဒါန်းသည့် အလှူငွေဖြင့် မျက်စိအထူးကု ဆရာဝန်ကြီး ဒေါက်တာအေးထွန်း ဦးဆောင်ပြီး မျက်စိအထူးကု ဆရာဝန်ကြီး ခုနစ်ဦးနှင့် ကျွမ်းကျင်သူနာပြု ရှစ်ဦးတို့သည် ဇန်နဝါရီ ၅ ရက်မှ ၈ ရက်ထိ မျက်စိဝေဒနာရှင် ၁၃၇၄ ဦးအား စစ်ဆေးခဲ့ပြီး အသေးစားခွဲစိတ်မှု ၂၀၊ အကြီးစားခွဲစိတ်မှု ၁၉၁ ဦးတို့အား အခမဲ့ခွဲစိတ်ကုသကာ မျက်မှန်တပ်ဆင်ရမည့် ဝေဒနာရှင်များအား မျက်မှန်များအခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ (ကြေးမုံ)

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၂၈-၁-၂၀၁၁ (သောကြာနေ့)**

AM & PM

- ၅:၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ခန္ဓသုတ်+မောရသုတ်+ဝဋ္ဋသုတ်
- ၅:၂၀ MRTV-4 သတင်း
- ၅:၅၀ "ခန္ဓာဖြစ်စဉ်မြင်အောင်ကြည့်ပါ" တရားတော် (ဆရာတော်ဘဒ္ဒန္တသောဘန)
- ၆:၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ" (အပိုင်း-၁၄၇)**
- ၇:၃၀ MRTV-4 သတင်း
- ၈:၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၁၁၄)**
- ၈:၄၀ မြို့ဦးစက်ပစ်ကွင်းကျောင်းမှ ကျောင်းလွှတ်ပူဇာ အလှူတော်မင်္ဂလာ
- ၈:၅၅ Activities In The City [အ. မ. က(၁)ဗဟန်းအိမ်တွင်းမှု လက်ရာပြပွဲပြိုင်ပွဲ]
- ၉:၁၀ ရေပျော်ငှက်၏တောင်ပံခတ်သံ
- ၉:၃၀ Movie Talk (ဒါရိုက်တာကြည်စိုးထွန်း၊ ဦးကြည်စိုး) (အပိုင်း-၈)
- ၁၀:၀၀ အနုပညာရပ်ဝန်းမှရင်ခုန်သံများ "မဟေသီရဲ့ဂျလေဘီ"
- ၁၀:၃၀ သထုံမြို့မှမြတ်ဆရာဂုဏ်ရည်မှန်း ပူဇော်ကန်တော့ပန်း
- ၁၀:၄၀ ဖက်ရှင်လမ်းညွှန် (ခေတ်စားနေဆဲဇာဖက်ရှင်)
- ၁၁:၁၀ သူတို့ပြောတဲ့သူတို့အကြောင်း (နေဆန်းနှင့်တွေ့ဆုံခြင်း)
- ၁၁:၄၀ MRTV-4 ကာတွန်းအစီအစဉ်
- ၁၂:၁၀ ကျန်းမာပျော်ရွှင်မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့်ဆွေးနွေးခန်း)
- ၁၂:၃၀ Make In A Delicious Way (Portuguese မှစွဲမက်ဖွယ်ရာ အစားအစာများ)
- ၁:၀၀ "ခန္ဓာဖြစ်စဉ်မြင်အောင်ကြည့်ပါ" တရားတော် (ဆရာတော်ဘဒ္ဒန္တသောဘန)
- ၂:၀၀ MRTV-4 သတင်း
- ၂:၂၀ Style ရှိမှ Star ဖြစ်မယ်
- ၃:၁၅ ဆီထိဂွမ်းကဲ့သို့ ပီတိလွှမ်းခဲ့ရသော စလင်းမြေ
- ၃:၂၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ" (အပိုင်း-၁၄၇)**
- ၄:၁၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၁၁၄)**
- ၄:၅၀ နုယဉ်ဆန်းသစ်လှစေဖို့ ပြည်တွင်းဖြစ်ကိုဝတ်ဆင်စို့
- ၅:၁၀ ရန်ကုန်မြင်ကွင်းကျယ် (Power Strong Bio Disc)
- ၅:၃၀ MRTV-4 ကာတွန်းအစီအစဉ်
- ၆:၀၀ MRTV-4 သတင်း
- ၆:၂၀ လပြည့်ဝန်းသို့ တမ်းချင်းညရဲ့ ရင်ခုန်သံ
- ၆:၁၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ" (အပိုင်း-၁၄၈)**
- ၇:၁၀ VJ Choice
- ၇:၄၅ ရန်ကုန်မြင်ကွင်းကျယ် (ပါရမီစိန်ဂေဟာရဲ့ ပျော်ပွဲရွှင်ပွဲ)
- ၈:၀၀ MRTV-4 သတင်း
- ၈:၃၀ Shwedagon Exhibition
- ၈:၄၅ ရန်ကုန်မြင်ကွင်းကျယ် (Furniture & Bedding Fair)
- ၈:၅၅ အနုပညာမိုးကောင်းကင်
- ၉:၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၁၁၅)**
- ၁၀:၁၀ ဂီတသရုပ်ပြခန်း (Jet San Htun ကြယ်တွေလို)
- ၁၀:၃၅ စံမီအရည်အသွေးဖြင့် စစ်မှန်ထူးခြားသော. . .
- ၁၀:၅၀ World of Knowledge (Salvage Code Red Fire Storm)
- ၁၁:၄၀ ချည်ခင်ကိုမယ်ရှင်းလို့ ရက်ကာအမြဲဝတ်မယ်ထာဝစဉ်. .
- ၁၁:၅၅ ဖန်တီးသူနှင့်အနုပညာ (ချစ်သုဝေ) (အပိုင်း-၂)
- ၁၂:၂၅ အားကိုးအားထား (ဖိုးသောကြာ၊ မိုးဒီ၊ ဦးခိုင်တင်၊ ဒေါ်တင်တင်လှ) (ဒါရိုက်တာ-ကောင်းမြတ်)
- ၁၂:၄၀ ကံကောင်းခြင်းတွေဝေဆာစေမည့် မန္တလာမြေမှ Lucky Home
- ၁:၀၀ ကော်ဖေးမှာအသွင်ဆန်း ဒေါပုံကော်ဖေးအစွမ်း
- ၁:၂၅ ဆန်းသစ်တီထွင်ဒီဇိုင်းဖက်ရှင် (ဒီဇိုင်နာဥမ္မာကျော်နှင့် တွေ့ဆုံခြင်း)
- ၁:၄၅ နုယဉ်ဆန်းထွင်ပန်းအလှဆင် ("L"ပုံသဏ္ဌာန်ပန်းအိုးထိုးနည်း)
- ၂:၁၀ ခွေးထွေးသောဝန်ဆောင်မှုများနှင့် ဇဒင်
- ၂:၁၅ လှပသစ်ဆန်းအလှပြင်ခန်း (Siam Spa)
- ၂:၃၅ ကိုယ်ပိုင်ဟန်ဖက်ရှင် (အိမ်အလှဆင်ပစ္စည်းများပြုလုပ်ပုံ)
- ၂:၅၀ အိုက်ကီဒိုနှင့်သမီးပျို
- ၃:၀၅ ကဏ္ဍစုံလင် အားကစားအစီအစဉ်
- ၄:၀၅ Shooting Location [မြခွာညို (၄က်အိမ်)]
- ၄:၂၅ တိရစ္ဆာန်လေးတွေမွေးကြမယ် (Selection J)
- ၄:၄၀ အလှဆင်စရာပရိဘောဂကမ္ဘာ (မြနန်းပုံပရိဘောဂ)
- ၄:၅၀ သဘာဝအလှများစုဝေးရာ ပူတာအိုမြို့
- ၅:၀၀ အစီအစဉ်ပြီး။

**MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။**

**တောင်ကြီးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။**

# ဘဂ္ဂဒက်တွင် နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဝန်ထမ်းနှစ်ဦး ပစ်သတ်ခံရ

**ဘဂ္ဂဒက် ဇန်နဝါရီ ၂၇**

အီရတ်နိုင်ငံဘဂ္ဂဒက်မြို့တွင် နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဝန်ထမ်းနှစ်ဦးသည် သေနတ်သမားများ၏ လက်ချက်ကြောင့် ဇန်နဝါရီ ၂၆ ရက်က သေဆုံးသွားကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

နိုင်ငံခြားရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး အဗ္ဗဒူလ် ဂျက်ဘားအက်ဘ်ဒူလာ့ချ်သည် ၎င်း၏ကားကို မောင်းနှင်လာပြီး ဘဂ္ဂဒက်မြို့မြောက်ဘက်ရှိ ခတ်ဒ်မီရကတ်ဒေသကို ဖြတ်သန်းစဉ် အမည်မသိသေနတ်သမားများက အသံတိတ် ကိရိယာတပ်ထားသော သေနတ်ဖြင့် ပစ်ခတ်ခဲ့ကြောင်း ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။

သေနတ်ပစ်ခံရသူနောက်တစ်ဦးမှာ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အလုပ်သမားတစ်ဦးဖြစ်ပြီးဘဂ္ဂဒက်မြို့ အနောက်ဘက်ရှိ မင်းဆိုးဒေသ၌ ကားမောင်းနှင်လာစဉ် အသံတိတ် ကိရိယာတပ် သေနတ်ဖြင့်ပင် ပစ်ခတ်ခြင်းခံရသည်ဟုဆိုသည်။

**အမ်အင်အေ၊ဆင်ဟွာ။**

# ဖိလစ်ပိုင်တွင် ဆောက်လုပ်ဆဲ အဆောက်အအုံမှ ငြမ်းစင်ပြိုကျ အလုပ်သမား ၁၀ ဦးအသက်ဆုံးရှုံး

**မနီလာ ဇန်နဝါရီ ၂၇**

ဖိလစ်ပိုင်နိုင်ငံရှိ စီးပွားရေးလုပ်ငန်းများ ဗဟိုပြုရာရပ်ကွက်တွင် ဇန်နဝါရီ ၂၇ ရက်က ဆောက်လုပ်ဆဲအဆောက်အအုံ၏ ငြမ်းစင်ပြိုကျရာ အလုပ်သမား ၁၀ ဦး ပြုတ်ကျ သေဆုံးသွားကြောင်း ဒေသခံသတင်းဌာန အေအင်န်စီက ဖော်ပြသည်။

အဆိုပါ ငြမ်းစင်ပြိုကျမှုသည် နိုင်ငံအလယ်ပိုင်း၌ နံနက် ၁၁နာရီ ၄၅ မိနစ်တွင် ဖြစ်ပွားခဲ့ကြောင်း၊ အထပ် ၄၀ ပါ ဆောက်လုပ်ဆဲအဆောက်အအုံ၏ ၃၄ ထပ်မြောက်ရှိ ငြမ်းစင်ပြိုကျခြင်း ဖြစ်ကြောင်း ဖော်ပြသည်။

ယင်းဆောက်လုပ်ဆဲအဆောက်အအုံ၌ လုပ်ကိုင်နေသော အလုပ်သမားမည်မျှရှိသည်ကို တိကျစွာမသိရသေးသဖြင့် သေဆုံးမှုနှင့်ဒဏ်ရာရမှုများရှိလိမ့်မည်ဟု ရဲတပ်ဖွဲ့မှတာဝန်ရှိပုဂ္ဂိုလ်၏ ပြောကြားချက်ကို ကိုးကား၍ ဖိလစ်ပိုင်စတား သတင်းစာက ရေးသားဖော်ပြသည်။

**အမ်အင်အေ၊ဆင်ဟွာ။**

# မျိုးဗီဇပြောင်းလဲထားသော ခြင်များစေလွှတ်၍ ငှက်ဖျားတိုက်ဖျက်ရေး မလေးရှားစမ်းသပ်

**ကွာလာလမ်ပူ ဇန်နဝါရီ ၂၇**

ငှက်ဖျားရောဂါကို ထိန်းချုပ်နိုင်ရေးအတွက်စမ်းသပ်ချက် တစ်ရပ် ပြုလုပ်သည့်အနေဖြင့် မလေးရှားနိုင်ငံသည် မျိုးရိုးဗီဇ ပြုပြင်ပြောင်းလဲထားသော ခြင်ကောင်ရေ ၆၀၀၀ ခန့်ကို တောအုပ်တစ်ခုအတွင်းသို့ ဇန်နဝါရီ ၂၆ရက်က လွှတ်ပေးခဲ့ကြောင်း သိရသည်။

မျိုးရိုးဗီဇပြောင်းလဲခံထားရသော Aedes aegypti ခြင်ထီးများကို အခြားခြင်မများနှင့် မိတ်လိုက်စေခြင်းဖြင့် မျိုးဆက်ကန်းခြင်း သို့မဟုတ် ပေါက်ဖွားလာပါကလည်း သက်တမ်းတိုခြင်း စသော အကျိုးရလဒ်များကို ရရှိရန် မလေးရှားနိုင်ငံက ရည်ရွယ်ထားသည်။

ဓာတ်ခွဲခန်းစမ်းသပ်မှုနှင့် ခန့်မှန်းတွက်ချက်မှုများကို နှစ်ပေါင်းများစွာ လုပ်ဆောင်ခဲ့ပြီးနောက် အဆိုပါ စမ်းသပ်မှုမျိုးအား ပြီးခဲ့သည့်နှစ်အတွင်းက မလေးရှားနိုင်ငံ ကေးမင်းကျွန်းစုဒေသ၌ လုပ်ဆောင်ခဲ့ပြီးဖြစ်သည်။

ယင်းသို့ မျိုးရိုးဗီဇပြုပြင်ပြောင်းလဲထားသော ခြင်ထီးများ လွှတ်ပေးခြင်းဖြင့် ကေးမင်းကျွန်းစုဒေသတွင် ခြင်ပေါက်ဖွားမှုနှုန်းထား အံ့ဩဖွယ်လျော့ကျခဲ့ကြောင်း သုတေသနပညာရှင်များက တွေ့ရှိခဲ့သည်။

Aedes aegypti ခြင်မျိုးစိတ်သည် ငှက်ဖျားရောဂါကို ပြန့်ပွားစေနိုင်ပြီး ပြီးခဲ့သည့်နှစ်အတွင်း ငှက်ဖျားရောဂါကြောင့် မလေးရှားနိုင်ငံ၌ လူ ၁၃၄ ဦး သေဆုံးခဲ့ရသည်။

ငှက်ဖျားရောဂါ ထိန်းချုပ်ရေးအတွက် မျိုးဗီဇပြောင်းလဲထားသော ခြင်မျိုးစိတ်များကို လွှတ်၍ စမ်းသပ်ခြင်းသည် သဘာဝဂေဟစနစ်ကို ကွက်လပ်ဖြစ်ပေါ်စေမည်ဖြစ်ပြီး ယင်းကွက်လပ်နေရာတွင် အခြားအင်းဆက်မျိုးစိတ်သစ် သို့မဟုတ် ရောဂါသစ်တစ်ရပ်က ဝင်ရောက်နေရာယူလာနိုင်ကြောင်း မလေးရှားပတ်ဝန်းကျင်ထိန်းသိမ်းရေးသမားအချို့ကထောက်ပြကြသည်။ **အေပီ။**

ချက်နိုင်ငံ ပရာဟာမြို့၌ ၂၀၁၀ ခုနှစ် ဧပြီလက မဟာဗျူဟာမြောက် လက်နက်လျှော့ချရေးစာချုပ်ကို လက်မှတ်ရေးထိုးခဲ့သော အမေရိကန်သမ္မတ အိုဘားမား(ဝဲပုံ)နှင့် ရုရှားသမ္မတ မက်ဗီဒက်ဗ် (ယာပုံ)။ (ဓာတ်ပုံ-အင်တာနက်)

# မဟာဗျူဟာမြောက် လက်နက်လျှော့ချရေးစာချုပ် ရုရှားအထက်လွှတ်တော် အတည်ပြု

မော်စကို ဇန်နဝါရီ ၂၇

**မဟာဗျူဟာမြောက် လက်နက်များလျှော့ချရေးစာချုပ်သစ်(စတာ့)ကို ရုရှားပါလီမန် အထက်လွှတ်တော်က အပြီးသတ်သဘောတူညီခဲ့ကြောင်း ဇန်နဝါရီ ၂၆ရက် သတင်းများတွင် ဖော်ပြထားသည်။**

စတာ့စာချုပ်သစ်ကို ချုပ်ဆိုနိုင်ရေးသည် လက်ရှိ အမေရိကန်အစိုးရ၏ ဦးစားပေး နိုင်ငံခြားရေးမူဝါဒဖြစ်ပြီး အမေရိကန်သမ္မတ ဘာရက်အိုဘားမားနှင့် ရုရှားသမ္မတ ဒီမစ်ထရီမက်ဗီဒက်ဗ်တို့က ယင်းစာချုပ်ကို ချက်နိုင်ငံ ပရာဟာမြို့၌ ၂၀၀၈ခုနှစ် ဧပြီလတွင် လက်မှတ်ရေးထိုးခဲ့သည်။

မဟာဗျူဟာမြောက် လက်နက်များ လျှော့ချရေးစာချုပ်သည် စစ်အေးတိုက်ပွဲကာလ နှောင်းပိုင်းက ချုပ်ဆိုခဲ့ဖူးသော နျူကလီးယားလက်နက်ဖျက်သိမ်းရေး စာချုပ်ကို ပြန်လည်သုံးသပ် ပြင်ဆင်ရေးဆွဲထားသော စာချုပ်ဖြစ်သည်။

ယင်းစာချုပ်အရ အမေရိကန်ပြည်ထောင်စုနှင့် ရုရှားနိုင်ငံတို့သည် ၎င်းတို့အသီးသီး ပိုင်ဆိုင်သော နျူကလီးယားထိပ်ဖူးများကို ၃၀ ရာခိုင်နှုန်း လျှော့ချပေးရမည်ဖြစ်သည်။ ယင်းအပြင် တာဝေးပစ် ဒုံးပျံများနှင့် ဗုံးကြဲလေယာဉ်များတွင် တပ်ဆင်ထားရှိသော နျူကလီးယားထိပ်ဖူးများကို ၇၀၀ အထိသာ ထားရှိခွင့်ပြုမည်ဖြစ်သည်။

ရုရှားအထက်လွှတ်တော် နိုင်ငံတကာရေးရာ ကော်မတီဥက္ကဋ္ဌ မစ်ခေးလ်မာဂီလော့ဗ်က လက်နက်တပ်ဆင်မှုပြိုင်ပွဲသည် အတိတ်တွင် ကျန်ရစ်ခဲ့ပြီဖြစ်ပြီး ယခုအခါ လက်နက်ဖျက်သိမ်းရေး ပြိုင်ပွဲကိုသာ ဆက်လက်ဆင်နွှဲနေကြောင်း ပြောကြားသည်။

လက်နက်လျှော့ချရေးစာချုပ်သစ်ကို ရုရှားအထက်လွှတ်တော်က အတည်ပြုခဲ့ခြင်းသည် နိုင်ငံတကာ တည်ငြိမ်ရေးနှင့် လုံခြုံရေးအတွက် သတင်းကောင်းဖြစ်ကြောင်း မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့ (နေတိုး)က ပြောကြားသည်။

မဟာဗျူဟာမြောက် လက်နက်များ လျှော့ချရေးစာချုပ်ကို ရုရှားဒူးမားအောက်လွှတ်တော်က ဇန်နဝါရီ ၂၅ရက်တွင် အတည်ပြုခဲ့ပြီဖြစ်သည်။ **အင်တာနက်။**

# လက်ဘနွန်နိုင်ငံကို အကူအညီများ ပေးအပ်ရေး အမေရိကန်အစိုးရ ပြန်လည်သုံးသပ်နေ

**ဝါရှင်တန် ဇန်နဝါရီ ၂၇**

လက်ဘနွန်အစိုးရအဖွဲ့သစ်ကို အီရန်နိုင်ငံကျောထောက်နောက်ခံပြု ဟစ်ဇ်ဘိုလာအဖွဲ့က ချုပ်ကိုင်နိုင်ခဲ့ပြီးနောက် လက်ဘနွန်နိုင်ငံသို့ စီးပွားရေးနှင့် စစ်ရေးအရ အကူအညီများ ပေးအပ်ရေးကို အမေရိကန်အစိုးရက ပြန်လည်သုံးသပ်နေကြောင်း ဇန်နဝါရီ ၂၅ရက် သတင်းများတွင် ဖော်ပြသည်။

အမေရိကန်ပြည်ထောင်စုက နောက်ခံပြုပေးထားသော လက်ဘနွန်အစိုးရအဖွဲ့ လွန်ခဲ့သည့် ရက်သတ္တနှစ်ပတ်က ပြိုကွဲခဲ့ပြီးနောက် လက်ဘနွန်နိုင်ငံကို အထောက်အပံ့များ ပေးအပ်ရေးအား အမေရိကန်ပြည်ထောင်စုက ကျယ်ကျယ်ပြန့်ပြန့် ပြန်လည်သုံးသပ်နေကြောင်း တာဝန်ရှိသူတစ်ဦးက ဆိုသည်။

ဟစ်ဇ်ဘိုလာအုပ်စုက ထောက်ခံမှုပေးထားသည့် လက်ဘနွန်ဝန်ကြီးချုပ်သစ် နာဂျစ်မီကာတီအစိုးရအဖွဲ့၏ အဓိကကျသော ရာထူးများကို ဟစ်ဇ်ဘိုလာအဖွဲ့ဝင်များကသာ ရယူထားနိုင်မည်ဆိုလျှင် လက်ဘနွန်နိုင်ငံသို့ ပေးအပ်မည့် စစ်ရေးနှင့် စီးပွားရေး အကူအညီများကို ဖြတ်တောက်ခြင်း သို့မဟုတ် စိစစ်ပေးအပ်ခြင်းတို့အား အမေရိကန်ပြည်ထောင်စုက လုပ်ဆောင်ဖွယ်ရှိသည်။

အီရန်နိုင်ငံ၏အားပေးမှုကို ရယူလျက်ရှိသည့် ဟစ်ဇ်ဘိုလာအဖွဲ့အား အကြမ်းဖက်အဖွဲ့အစည်းတစ်ရပ်အဖြစ် အမေရိကန်ပြည်ထောင်စုက စာရင်းသွင်းထားပြီးအဖွဲ့နှင့်တကွ အဖွဲ့ဝင်များကို အရေးယူပိတ်ဆို့မှုများ လုပ်ဆောင်ထားသည်။

အမေရိကန်ပြည်ထောင်စုနှင့် လက်ဘနွန်နိုင်ငံအကြား နှစ်နိုင်ငံ ဆက်ဆံရေးတွင် ဟစ်ဇ်ဘိုလာအဖွဲ့ ကြီးစိုးသောအစိုးရအဖွဲ့က အဖုအထစ်သဖွယ်ရှိလိမ့်မည်ဖြစ်ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်က ပြောကြားသည်။

**အေပီ။**

# အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့၌ ကားဗုံးပေါက်ကွဲမှုကြောင့် အနည်းဆုံး ၄၁ ဦးသေဆုံး

**ဘဂ္ဂဒက် ဇန်နဝါရီ ၂၇**

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော် ရှီးယိုက်အုပ်စုဝင် အများစုနေထိုင်ရာဒေသ၌ ဈာပနအခမ်းအနားတစ်ခုအတွင်း ကြာသပတေးနေ့က ကားဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ အနည်းဆုံး လူ ၄၁ဦး သေဆုံးခဲ့ရပြီး ၇၅ဦး ဒဏ်ရာရရှိခဲ့ကြောင်းသိရသည်။

ဈာပနပွဲကျင်းပရာနေရာအနီး အခမ်းအနားသို့ လာရောက်သူများ၏ မော်တော်ယာဉ်များနှင့်အတူ ရပ်ထားသောကားတစ်စီးကို မွန်းလွဲ ၂နာရီခန့်တွင် ဖောက်ခွဲတိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

**၄၁ ဦးသေဆုံး**

ရဲတပ်ဖွဲ့နှင့် ဆေးရုံတာဝန်ရှိသူများ၏အဆိုအရ ကားဗုံးပေါက်ကွဲမှုကြောင့် ဈာပနအခမ်းအနားသို့ တက်ရောက်လာသူ ကလေးလေးဦးနှင့် အမျိုးသမီးသုံးဦးအပါအဝင် အနည်းဆုံး ၄၁ဦးသေဆုံးခဲ့ကြောင်း သိရသည်။

ကားဗုံးပေါက်ကွဲမှုကြောင့် မော်တော်ယာဉ်အများအပြား မီးသင့်လောင်ခဲ့ရပြီး အနီးတစ်ဝိုက်ရှိ လူနေအိမ်များလည်း ပျက်စီးခဲ့ရသည်ဟုဆိုသည်။

အလားတူ ကြာသပတေးနေ့စောစောပိုင်း၌ အီရတ်တပ်ဖွဲ့ဝင်များနှင့် လျှပ်စစ်ဓာတ်အားဆိုင်ရာ တာဝန်ရှိသူတစ်ဦးတို့ကို ပစ်မှတ်ထားလုပ်ဆောင်ခဲ့သော ဗုံးပေါက်ကွဲမှုများ ဘဂ္ဂဒက်တစ်ဝန်းဖြစ်ပွားခဲ့ရာ အီရတ်နိုင်ငံသားသုံးဦး သေဆုံးခဲ့ရသည်။

အီရတ်နိုင်ငံ၌ဖြစ်ပွားသော အကြမ်းဖက်မှုများသည် အဓိကအားဖြင့် ရှီးယိုက်လူ့အဖွဲ့အစည်းနှင့် အီရတ်တပ်ဖွဲ့ဝင်များကို ဦးတည်လုပ်ဆောင်မှုများဖြစ်ကြသည်။

အကြမ်းဖက်တိုက်ခိုက်မှုများသည် အင်အားချည့်နဲ့သော အီရတ်ညွန့်ပေါင်းအစိုးရအဖွဲ့နှင့် ဝန်ကြီးချုပ် နိုရီအယ်လ်မာလီကီတို့အတွက် အဓိကပြဿနာတစ်ရပ်ဖြစ်သည်။ **အေပီ။**

# အမေရိကန် အရှေ့ဘက်ပင်လယ်ကမ်းရိုးတန်းဒေသ၌ ဆီးနှင်းမုန်တိုင်း တိုက်ခတ်

ဝါရှင်တန် ဇန်နဝါရီ ၂၇

**အမေရိကန်နိုင်ငံ အရှေ့ဘက်ပင်လယ်ကမ်းရိုးတန်းဒေသတစ်လျှောက်၌ နှင်းမုန်တိုင်း တိုက်ခတ်မှုဖြစ်ပွားခဲ့ရာ စာသင်ကျောင်းများကို ပိတ်ထားရပြီး အစိုးရ အလုပ်သမားများကို အလုပ်ချိန်မကုန်ဆုံးမီ နေအိမ်များသို့ ပြန်လည်ထွက်ခွာခွင့်ပေးခဲ့ရကြောင်း ယနေ့သတင်းတွင် ဖော်ပြသည်။**

နယူးယောက်ပြည်နယ် ကွင်းစ်ခရိုင်၌ နှင်းမုန်တိုင်းတိုက်ခတ်မှုဖြစ်ပွားစဉ် ဘတ်စ်ကားစောင့်နေသူ တစ်ဦးကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အဝေးပြေးကားလမ်းများနှင့် လမ်းများပေါ်၌ ဆီးနှင်းခဲများ ဖုံးလွှမ်းနေသဖြင့် လမ်းချော်မှုများဖြစ်ပွားခဲ့သည်။ တင်နက်ဆီပြည်နယ်မှသည် နယူးအင်္ဂလန်ဒေသအထိ အများပြည်သူသုံး ဘတ်စ်ကားနှင့် မြို့ပတ်ရထားခရီးစဉ်များကို ဖျက်သိမ်းခဲ့ရသည်။

ဆီးနှင်းမုန်တိုင်း တိုက်ခတ်မှုကြောင့် လေကြောင်းခရီးစဉ်များကို ဆိုင်းငံ့လိုက်ရခြင်းနှင့် ဖျက်သိမ်းလိုက်ရခြင်းတို့ ရှိသည်။

ကင်တပ်ကီပြည်နယ်၌ ဆီးနှင်းထု ခြောက်လက်မခန့် ဖွဲ့စည်းဖြစ်ပေါ်သည်အထိ ဆီးနှင်းများ သိပ်သည်းစွာ ကျရောက်ခဲ့သည်။

နယူးယောက်စီးတီး၌လည်း ရှစ်လက်မမှ ၁၂ လက်မအထိရှိ ဆီးနှင်းထုများကို တွေ့မြင်ရသည်။

နယူးဂျာစီပြည်နယ်နှင့် ပင်ဆယ်လ်ဗေးနီးယားပြည်နယ်၏ အကြီးဆုံးမြို့ကြီးဖြစ်သော ဖီလာဒဲဖီးယားမြို့တို့၌ ဆီးနှင်းများ ရှစ်လက်မထုအထိ ကျဆင်းခဲ့သည်။

မြို့တော်ဝါရှင်တန်ဒီစီ၌ ဆီးနှင့်းထု ၁၀ လက်မအထိ ဖွဲ့စည်းဖြစ်ပေါ်ခဲ့သည်။

နယူးယောက်ဒေသ၌ ဆီးနှင်းကျဆင်းမှုမှာ စံချိန်တင်ခဲ့ကြောင်း၊ ဒီဇင်ဘာ ၁၄ရက်မှစ၍ ဆီးနှင်းများ အလွန်အမင်းကျဆင်းခဲ့ပြီး ဆီးနှင်းမုန်တိုင်းဒဏ်ကို ပြည်သူများ တွေ့ကြုံခံစားရကြောင်း သတင်းတွင် ဖော်ပြသည်။ **အင်တာနက်။**

## အခမ်းအနား တက်ရောက်

**နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦး ဉာဏ် ဝင်း အာဆီယံ - တရုတ် ချစ်ကြည်ရေးနှင့် အပြန် အလှန် ဆက်သွယ် သွားလာရေးနှစ် စတင်သည့် အခမ်းအနားသို့ တက်ရောက်စဉ်။** (သတင်းစဉ်)

# ဝန်ကြီး ဦးဉာဏ်ဝင်း ထိုင်းနိုင်ငံမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ကုန်းလမ်းခရီးဖြင့် သွားရောက်ခဲ့သည့် ခရီးစဉ်နှင့် အာဆီယံ-တရုတ် နိုင်ငံခြားရေးဝန်ကြီးများ၏ ဒေသတွင်း ပေါင်းစည်းဆက်သွယ်မှုဆိုင်ရာ အစည်းအဝေးသို့ တက်ရောက်ခဲ့

ရန်ကုန် ဇန်နဝါရီ ၂၇

**နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဇန်နဝါရီ ၂၃ ရက်မှ ၂၆ ရက်အထိ အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ၏ ထိုင်းနိုင်ငံမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ကုန်းလမ်းခရီးဖြင့် သွားရောက်သည့်ခရီးစဉ်နှင့် အာဆီယံ-တရုတ် ဆွေးနွေးဖက်ဆက်ဆံရေး နှစ်(၂၀)ပြည့် အထိမ်းအမှတ်အဖြစ် ကျင်းပသော အာဆီယံ-တရုတ် နိုင်ငံခြားရေးဝန်ကြီးများ၏ ဒေသတွင်း ပေါင်းစည်းဆက်သွယ်မှုဆိုင်ရာအစည်းအဝေးသို့ ပါဝင်တက်ရောက်ခဲ့သည်။**

အာဆီယံနှင့် အခြားနိုင်ငံများ ပါဝင်နေသည့် ဒေသဆိုင်ရာ ပေါင်းစည်းဆက်သွယ်မှု အစီအစဉ်များအနက် တစ်ခုဖြစ်သော မြောက်-တောင် စီးပွားရေးစင်္ကြံ ခရီးလမ်းကြောင်းတစ်လျှောက် လေ့လာနိုင်ရန်အတွက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ၏ ထိုင်းနိုင်ငံမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ Route 3A ကားလမ်းအတိုင်း ကုန်းလမ်းခရီးဖြင့် သွားရောက်သည့်ခရီးစဉ်တွင် လိုက်ပါရန် ထိုင်းနိုင်ငံခြားရေးဝန်ကြီး မစ္စတာကာဆစ်ပီရိုးမြနှင့် တရုတ်နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ရန်ကျဲချီတို့က အာဆီယံနိုင်ငံခြားရေးဝန်ကြီးများအား ဖိတ်ကြားခဲ့ခြင်းဖြစ်သည်။ မြောက်-တောင် စီးပွားရေး စင်္ကြံခရီးလမ်းကြောင်း Route 3A တွင် ထိုင်းနိုင်ငံ (ချင်းရိုင်-ချင်းကောင်း)၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ (ဟွေဆိုင်း - လွမ်နမ်သာ - ဘိုတန်) နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ (မိုဟန်-ကျင်းဟုန်-ကူမင်း)တို့ ပါဝင်ကြောင်း သိရှိရသည်။

ဝန်ကြီး ဦးဉာဏ်ဝင်းနှင့် မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များသည် ဇန်နဝါရီ ၂၃ ရက်တွင် ကုန်းလမ်းခရီး စတင်မည့် ထိုင်းနိုင်ငံ ချင်းရိုင်မြို့သို့ ရောက်ရှိပြီး အာဆီယံနိုင်ငံခြားရေးဝန်ကြီးများနှင့်အတူ ညနေပိုင်းတွင် ချင်းရိုင်မြို့ရှိ အာနန်တာရာ ဟိုတယ်၌ ကုလသမဂ္ဂ အာရှနှင့် ပစိဖိတ်ဆိုင်ရာ စီးပွားရေးနှင့် လူမှုရေးကော်မရှင် (အက်စ်ကက်ပ်)အမှုဆောင်အတွင်းရေးမှူး ဒေါက်တာနိုလင်းဟေဇာက အာဆီယံနိုင်ငံခြားရေးဝန်ကြီးများအား "အာဆီယံနှင့် လက်တင်အမေရိက ပစိဖိတ်မြစ်ဝှမ်းနိုင်ငံများအကြား စီးပွားရေးပေါင်းစည်းဆက်သွယ်မှု တိုးမြှင့်ရေး"နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပွဲသို့ တက်ရောက်ခဲ့သည်။

ဝန်ကြီး ဦးဉာဏ်ဝင်းသည် ဇန်နဝါရီ ၂၄ရက်တွင် အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများနှင့်အတူ ထိုင်းနိုင်ငံ ချင်းကောင်းနှင့် လာအိုနိုင်ငံ ဟွေဆိုင်းတို့ကိုဆက်သွယ်ထားသော လေးခုမြောက် မဲခေါင်မြစ်ကူးတံတား တည်ဆောက်သည့်နေရာသို့ သွားရောက်လေ့လာပြီး ထိုင်းနိုင်ငံ ချင်းကောင်းဆိပ်ကမ်းမှ မဲခေါင်မြစ်ကို ကူးတို့ ရေယာဉ်များဖြင့် ဖြတ်ကူး၍ လာအိုနိုင်ငံ ဟွေဆိုင်းမြို့သို့ ရောက်ရှိသည်။ အာဆီယံဝန်ကြီးများသည် Route 3A ကားလမ်းအတိုင်း လာအိုနိုင်ငံ၊ ဟွေဆိုင်းမှ လွမ်နမ်သာသို့လည်းကောင်း၊ လွမ်နမ်သာမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကျင်းဟုန်သို့လည်းကောင်း မော်တော်ယာဉ်များဖြင့် သွားရောက်ခဲ့သည်။ ထို့နောက် ဝန်ကြီးများသည် ကျင်းဟုန်မြို့မှ ကူမင်းမြို့သို့ လေယာဉ်ဖြင့် ထွက်ခွာ၍ ညနေပိုင်းတွင် ကူမင်းမြို့သို့ ရောက်ရှိကြသည်။

ဝန်ကြီး ဦးဉာဏ်ဝင်းသည် ဇန်နဝါရီ ၂၅ ရက် နံနက်ပိုင်းတွင် အာဆီယံ-တရုတ်ချစ်ကြည်ရေးနှင့် အပြန်အလှန်ဆက်သွယ်သွားလာရေးနှစ် စတင်သည့် အခမ်းအနားသို့ တက်ရောက်သည်။ ယင်းအခမ်းအနားသို့ တရုတ်နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ရန်ကျဲချီ၊ အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ ဖြစ်ကြသည့် ဘရူနိုင်းဒါရူဆလမ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဒါတိုဂျော့ဆမ်လင်မ်၊ ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဟော်နမ်ဟောင်၊ လာအို ပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး ဒေါက်တာ ထောင်လွန်း ဆီဆိုလစ်၊ စင်ကာပူသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဂျော့ယိုး၊ ထိုင်းနိုင်ငံခြားရေးဝန်ကြီး မစ္စတာကာဆစ်ပီရိုးမြ၊ အာဆီယံ အတွင်းရေးမှူးချုပ် ဒေါက်တာ ဆူရင်ပစ်ဆူဝမ်နှင့် အာဆီယံနိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

**အထက(၂) ပုဗ္ဗန်တောင်မှ ၂၀၁၀-၂၀၁၁ ခုနှစ်တွင် အငြိမ်းစားယူသွားသော ကျောင်းအုပ်ဆရာမကြီးများအား ဇန်နဝါရီ ၃ ရက်က အာစရိယပူဇော်ကန်တော့ပွဲ ကျင်းပစဉ်။** (ကြေးမုံ)

ဆက်လက်၍ ဝန်ကြီး ဦးဉာဏ်ဝင်းသည် အာဆီယံ-တရုတ် ဆွေးနွေးဖက်ဆက်ဆံရေး နှစ်(၂၀)ပြည့် အထိမ်းအမှတ်အဖြစ် ကျင်းပသော အာဆီယံ-တရုတ် နိုင်ငံခြားရေးဝန်ကြီးများ၏ ဒေသတွင်း ပေါင်းစည်းဆက်သွယ်မှုဆိုင်ရာ အစည်းအဝေးသို့ တက်ရောက်ခဲ့သည်။

အစည်းအဝေးတွင် ဝန်ကြီးများသည် အာဆီယံ-တရုတ် ဆွေးနွေးဖက်ဆက်ဆံရေး နှစ်(၂၀)ပြည့် အထိမ်းအမှတ် လှုပ်ရှားဆောင်ရွက်မှုများ၊ အာဆီယံနှင့် တရုတ်ဒေသဆိုင်ရာ ပေါင်းစည်းဆက်သွယ်ရေး၊ အာဆီယံ-တရုတ် လွတ်လပ်သော ကုန်သွယ်ရေးနယ်မြေ တည်ထောင်ရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု အပြန်အလှန်ဖလှယ်ရေး၊ သမားရိုးကျမဟုတ်သော လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များ၊ အရှေ့အာရှ ပူးပေါင်းဆောင်ရွက်မှုများ စသည့် အာဆီယံ-တရုတ် မဟာဗျူဟာကျသော ပူးပေါင်းဆောင်ရွက်မှုများအပေါ် ဆွေးနွေးခဲ့ကြသည်။

ယင်းအစည်းအဝေးတွင် ဝန်ကြီး ဦးဉာဏ်ဝင်းသည် အာဆီယံ-တရုတ် မဟာဗျူဟာ ပူးပေါင်းဆောင်ရွက်ရေးနှင့် သမားရိုးကျမဟုတ်သော လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ အာဆီယံ-တရုတ် ပူးပေါင်းဆောင်ရွက်မှုများကို ဆွေးနွေးပြောကြားပြီး မြန်မာနိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံများသို့ ကူညီပံ့ပိုးပေးမှုများအတွက် ကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

ဝန်ကြီး ဦးဉာဏ်ဝင်းသည် ကူမင်းမြို့ ဂရင်းလိပ်ခ်ဟိုတယ်၌ တရုတ်နိုင်ငံခြားရေးဝန်ကြီး မစ္စတာရန်ကျဲချီက အာဆီယံနိုင်ငံခြားရေးဝန်ကြီးများအား တည်ခင်းဧည့်ခံသည့် နေ့လယ်စာစားပွဲသို့ တက်ရောက်ခဲ့သည်။

ယင်းနောက် ဝန်ကြီး ဦးဉာဏ်ဝင်းသည် အခြား အာဆီယံနိုင်ငံခြားရေးဝန်ကြီးများနှင့်အတူ ယူနန် စိုက်ပျိုးရေး တက္ကသိုလ်သို့ သွားရောက်လေ့လာခဲ့သည်။

ဝန်ကြီးသည် ညနေပိုင်းတွင် ကူမင်းမြို့ အမ်ပါ့ခ် ဂရင်း(န်)ဟိုတယ်၌ ယူနန်ပြည်နယ် ပါတီကော်မတီ အတွင်းရေးမှူး မစ္စတာ ဘေအင်ပိုင်က အာဆီယံနိုင်ငံခြားရေးဝန်ကြီးများအား တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာ စားပွဲသို့ တက်ရောက်ခဲ့သည်။

ဝန်ကြီး ဦးဉာဏ်ဝင်းသည် ဇန်နဝါရီ ၂၆ ရက် နံနက်ပိုင်းတွင် ကူမင်းမြို့ရှိ မြန်မာကောင်စစ်ဝန်ချုပ်ရုံးသို့ သွားရောက်၍ မြန်မာကောင်စစ်ဝန်ချုပ် ဦးဇော်ဖြိုးဝင်း၊ မြန်မာကောင်စစ်ဝန်ချုပ်ရုံး ဝန်ထမ်းနှင့် မိသားစုများအား တွေ့ဆုံပြီး လုပ်ငန်းဆိုင်ရာများ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# အထက(၃) မုံရွာ မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၂၇**

မုံရွာမြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ (၁၁)ကြိမ်မြောက် သက်ပြည့်အငြိမ်းစား ဆရာကြီး၊ ဆရာမကြီးများအား ပူဇော်ကန်တော့ပွဲနှင့် ပြန်လည်တွေ့ဆုံပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၅ ရက် (စနေနေ့) နံနက် ၁၀ နာရီတွင် အဆိုပါ ကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အာစရိယပူဇော်ပွဲနှင့် တွေ့ဆုံပွဲအခမ်းအနားသို့ ကန်တော့ခံ ဆရာကြီး၊ ဆရာမကြီးများနှင့် ရပ်ဝေးရပ်နီးမှ ကျောင်းသား၊ ကျောင်းသူဟောင်းများ တက်ရောက်ကြရန်နှင့် အလှူငွေနှင့် ပစ္စည်းများလှူဒါန်းလိုပါက ကျောင်းအုပ်ကြီး (အထက-၃၊ မုံရွာ) ဖုန်း-၀၇၁-၂၁၁၇၆၊ ကိုဆန်းဝင်းမိုး (KSMမိတ္တူ) ဖုန်း-၀၇၁-၂၄၁၃၁၊ ဦးနေဝင်း (ဇောတိကဆေးလိပ်) ဖုန်း-၀၇၁-၂၁၅၂၅၊ ဒေါ်ခင်ချိုထွေး (စိန်မိတ္တူ) ဖုန်း-၀၉-၂၁၃၃၁၄၈၊ ဒေါ်မော်သန္တာခိုင် ဖုန်း-၀၇၁-၂၂၃၃၆၊ ဦးမောင်မောင် (ရွှေအုန်းသီး)ဖုန်း-၀၇၁-၂၁၄၅၆၊ ဦးမြင့်ဆွေ ဖုန်း-၀၉-၂၀၁၀၂၂၃၊ ဒေါ်အေးအေးဝင်း(ရေနံ)ဖုန်း-၀၉-၅၁၁၀၆၀၉ နှင့် ဒေါ်သီဂီ ဖုန်း-၀၇၁-၂၃၉၃၃၊ ၀၉-၂၁၃၂၀၉၇သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

# မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ်၌ လူအချို့ အစားအသောက်မှားရာမှ ဝမ်းပျက်၊ ဝမ်းလျှောရောဂါဖြစ်ပွား ဒေသအာဏာပိုင်များ၊ ဆေးဘက်ဝန်ထမ်းများက လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက် ကုသပေးလျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၂၇**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ်၌ ဇန်နဝါရီ ၂၁ ရက်တွင် လူအချို့ အစားအသောက်မှားရာမှ ဝမ်းပျက်၊ ဝမ်းလျှောရောဂါဖြစ်ပွားခဲ့သဖြင့် တောင်တွင်းကြီးမြို့နယ်ဆေးရုံ၌ အမျိုးသား ၁၁ဦး၊ အမျိုးသမီး လေးဦး စုစုပေါင်း ၁၅ဦး ဆေးရုံတက်ရောက် ကုသမှုခံယူခဲ့ကြောင်း၊ ဇန်နဝါရီ ၂၅ ရက်တွင် ရောဂါသက်သာပျောက်ကင်းသဖြင့် အမျိုးသား ရှစ်ဦး၊ အမျိုးသမီး နှစ်ဦး စုစုပေါင်း ၁၀ ဦး ဆေးရုံမှဆင်းခဲ့ကြောင်း၊ ယင်းနေ့တွင်ပင် အမျိုးသားတစ်ဦး ထပ်မံတက်ရောက်ခဲ့သဖြင့် အမျိုးသား လေးဦး၊ အမျိုးသမီး နှစ်ဦး စုစုပေါင်း ခြောက်ဦး ဆက်လက်ကုသမှုခံယူလျက်ရှိကြောင်း၊ ရောဂါအခြေအနေမှာ သာမန် ဝမ်းပျက်၊ ဝမ်းလျှောရောဂါသာဖြစ်သဖြင့် စိုးရိမ်ဖွယ်ရာမရှိကြောင်းနှင့် အဆိုပါလူနာများအား ဒေသအာဏာပိုင်များနှင့် ဆေးဘက်ဝန်ထမ်းများက လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက် ကုသပေးလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**ရန်ကင်းမြို့နယ် အမှတ်(၁)အခြေခံပညာ မူလတန်းကျောင်း (လ/ခွဲ)၏ ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၉ ရက်က ကျင်းပရာ ပထမတန်းတွင် ပထမဆုရရှိသော မောင်ကျော်မော်ဦးအား ကျောင်းအုပ်ဆရာကြီး ဦးထွန်းဝင်း ဆုချီးမြှင့်စဉ်။** (ပညာရေး)

## နေပြည်တော်မြန်မာ့အသံရေဒီယိုအစီအစဉ်

**(သောကြာနေ့-နံနက်-နေ့လယ်-ည)**

**၂၈-၁-၂၀၁၁**

| | |
|---|---|
| ၇း၀၀ | အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ကြေညာချက် |
| ၇း၀၅ | တရားတော် (အာဠာနာဋိယသုတ်) |
| ၇း၃၀ | မွေ့ပူဇာတေးပဒေသာ |
| ၇း၃၅ | (၃၈)ဖြာမင်္ဂလာ နံနက်ခင်းတေးပဒေသာ |
| ၈း၀၀ | စံတော်ချိန်+သတင်း |
| ၈း၁၀ | နံနက်ခင်းတေးပဒေသာ |
| ၁၀း၀၀ | သောတရှင်လိုရာတေး |
| ၁၀း၃၀ | သတင်းစာအာဘော် |
| ၁၀း၄၀ | တူယှဉ်သီကြွေးစုံတွဲတေး |
| ၁၁း၀၀ | နေ့လယ်ခင်းသတင်း |
| ၁၁း၁၀ | နေ့လယ်ခင်းတေးပဒေသာ |
| ၁၁း၃၀ | လေလှိုင်းကြားကပွဲတင်သံ |
| ၁၁း၄၅ | နေ့လယ်ခင်းတေးပဒေသာ |
| ၁၂း၀၀ | စံတော်ချိန် ဆိုကြပျော်ရွှင်တေးသံစဉ် (INTERMEDIATE LEVEL) |
| ၁၂း၃၀ | အလုပ်အကိုင်အခွင့်အလမ်း နေ့လယ်ခင်းတေးပဒေသာ |
| ၁း၀၀ | မွန်းလွဲပိုင်းသတင်း |
| ၁း၁၀ | နေ့လယ်ခင်းတေးပဒေသာ |
| ၁း၃၀ | အစီအစဉ်ပြီး၏။ |
| ၄း၀၀ | အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ |
| ၄း၃၀ | စစ်သည်အတွက် တေးလက်ဆောင် |
| ၅း၀၀ | ညနေခင်းတေးပဒေသာ |
| ၅း၁၅ | ပြောပါရစေရှင် (အောင်မြင်အောင်ဘယ်လိုလုပ်မလဲ) တေးပဒေသာ |
| ၅း၂၅ | သတင်းစာဆောင်းပါး |
| ၅း၃၅ | ရင်ခုန်စီးဆင်းအနုပညာသတင်း(၂၆) |
| ၆း၀၀ | ညနေခင်းသတင်း |
| ၆း၁၀ | လူမှုစာနာပြန်ကြားလွှာ |
| ၆း၂၀ | တေးချစ်သူရွေးသီ တေးပန်းခိုင် |
| ၆း၄၅ | နိုင်ငံရေးဦးတည်ချက် တေးပဒေသာ |
| ၇း၀၀ | နိုင်ငံတကာသတင်း |
| ၇း၁၀ | ညချမ်းချိန်ခါတေးပဒေသာ |
| ၇း၂၅ | ဇာတ်လမ်းပမာနားဆင်စရာ (ရွှေဖလားကိုငွေနားကွပ်ဖို့မလိုပါ) |
| ၇း၄၅ | တေးပဒေသာ |
| ၈း၀၀ | ပြည်တွင်းသတင်း |
| ၈း၁၀ | အနုအလှအစုံစုံ သူ့ဘဝအဖုံဖုံ (ဒေါ်သီတာဝင်း DoZo) စီးပွားရေးဦးတည်ချက် တေးပဒေသာ |
| ၉း၀၀ | ဆောင်းပါး (ထိန်းသိမ်းသင့်သည့်မြန်မာ့ယဉ်ကျေးမှုအစဉ်အလာများ) |
| ၉း၀၅ | ခံစားနားဆင်မြန်မာတေးသံစဉ် လူမှုရေးဦးတည်ချက် |
| ၉း၃၅ | ညချမ်းချိန်ခါတေးပဒေသာ |
| ၁၀း၀၀ | အစီအစဉ်ပြီး၏။ |

# စိုက်ပျိုးရေရရှိရေးလုပ်ငန်းများဆောင်ရွက်နေမှု ဝန်ကြီး ဦးဌေးဦး ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၂၇

**လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦးသည် ဇန်နဝါရီ ၂၂ ရက် မွန်းလွဲပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့နယ် ဥစ္စာနွယ်ရွာ ကွင်းအမှတ်(၁၆၁) လယ်သမားကြီး ဦးပေါအောင်၏ လယ်မြေ၌ တွင်းတူးစက်ကြီးဖြင့် စက်ရေတွင်းတူးဖော်နေမှုကို ကြည့်ရှုစစ်ဆေးပြီး တောင်သူလယ်သမားများနှင့် စိုက်ပျိုးရေ ရရှိရေးအတွက် ဆောင်ရွက်နေမှုနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးကိစ္စရပ်များကို ဆွေးနွေးမှာကြားသည်။**

ပျော်ဘွယ် - ဘုရားငါးဆူဒေသ မြေအောက်ရေဖြင့် စိုက်ပျိုးရေရရှိရေး စီမံကိန်းတွင် စက်ရေတွင်းများ တူးဖော်လျက်ရှိရာ တူးဖော်ရန် လျာထားသည့် စက်ရေတွင်းပေါင်း ၁၀၀ တူးမည်ဖြစ်ကြောင်း၊ ယခုအခါ စက်ရေတွင်းပေါင်း ၇၄ တွင်း တူးဖော်ပြီးဖြစ်ကြောင်း၊ တူးဖော်ပြီး တွင်းများအနက် ၅၄ တွင်းမှာ ရေလျှံတွင်းများဖြစ်ပြီး ကျန်ရှိသော တွင်းများကိုလည်း အမြန်ဆုံးပြီးအောင် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့နောက် ပျော်ဘွယ်မြို့နယ် ကျောက်ဆည်ရွာအနီးရှိ ကျောက်ဆည်ကန်ကို ကြည့်ရှုစစ်ဆေးပြီး ဒေသခံတောင်သူများနှင့် တွေ့ဆုံ၍ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ကိစ္စရပ်များကို ဆွေးနွေးမှာကြားသည်။

ကျောက်ဆည်ကန်သည် ပျော်ဘွယ်မြို့နယ် ကျောက်ဆည်ရွာအနီး စမုံချောင်းပေါ်၌ ရှေးမြန်မာမင်း လက်ထက်ကတည်းက တည်ဆောက်ထားခဲ့သော ကန်တစ်ခုဖြစ်ပြီး မူလကန်မှာ ကန်ပေါင်အလျား ပေ ၈၀၀၀၊ ရေဧကပေ ၆၂၅၀ သိုလှောင်နိုင်ကြောင်း၊ ယခုအခါ စိုက်ပျိုးမြေ ဧရိယာ ၄၃၀၆ ဧကကို စိုက်ပျိုးရေအပြည့်အဝ ပေးဝေနိုင်ရန်အတွက် ကန်ပေါင်အားဖြည့် ပုံစံကျပြန်လည်ပြုပြင်ခြင်း၊ ရေပေးမြောင်းများ သဲနုန်းဖော်ခြင်းနှင့် မြောင်းများတူးဖော်ခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ (သတင်းစဉ်)

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦး ပျော်ဘွယ်မြို့နယ် ဥစ္စာနွယ်ရွာ ကွင်းအမှတ်(၁၆၁) လယ်သမားကြီး ဦးပေါအောင်၏ လယ်မြေ၌ တွင်းတူးစက်ကြီးဖြင့် စက်ရေတွင်းတူးဖော်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

## အထက(၂) တောင်ဥက္ကလာ မြတ်ဆရာပူဇော်ပွဲကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၂၇**

ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် အထက(၂) ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ မြတ်ဆရာပူဇော်ပွဲ အခမ်းအနားကို အဆိုပါကျောင်း သီရိမြန်မာခန်းမ၌ ဖေဖော်ဝါရီ ၁၂ ရက် (ပြည်ထောင်စုနေ့) နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူဟောင်းများနှင့် ဆရာကြီး၊ ဆရာမကြီးများ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် အလှူငွေများ လှူဒါန်းလိုပါက ဒေါ်စိစိ ဖုန်း- ၅၆၃၃၃၇၊ ကိုလှဝင်း ဖုန်း-၇၃၀၀၀၆၈၆၊ ကိုဇော်ဝင်း ဖုန်း- ၅၇၃၀၉၄၊ ၀၉-၅၀၉၇၇၆၈၊ ကိုဝင်းလှိုင် ဖုန်း- ၇၀၀၀၂၆၊ မခင်ငြိမ်းမိုး ဖုန်း- ၇၃၀၇၇၁၃၁၊ မယဉ်ယဉ်နွဲ့ ဖုန်း- ၅၇၀၈၅၇၊ ၀၉-၅၁၃၂၃၅၅၊ ကိုမြင့်ဇော် ဖုန်း-၇၃၀၀၀၆၁၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (၆၃)

## ITF 14 & Under Asian Championships 2011 Group (2)

## တင်းနစ်ပြိုင်ပွဲ၏ ပထမပြိုင်ပွဲ အမျိုးသမီး တစ်ဦးချင်းပြိုင်ပွဲ၌ နီလာဝင်းဗိုလ်စွဲ

**ရန်ကုန် ဇန်နဝါရီ ၂၇**

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသည့် ITF 14 & Under Asian Championships 2011 Group (2) တင်းနစ်ပြိုင်ပွဲ၏ ပထမပြိုင်ပွဲ ပွဲစဉ်များနှင့် ဗိုလ်လုပွဲကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ သိမ်ဖြူတင်းနစ်ကွင်း၌ ဆက်လက်ကျင်းပရာ အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် အမှုဆောင်များ၊ ဖိတ်ကြားထားသူများနှင့် တင်းနစ်အားကစားဝါသနာရှင်များ လာရောက်ကြည့်ရှုအားပေးကြသည်။

ပထမပြိုင်ပွဲ၏ အမျိုးသမီးတစ်ဦးချင်း ဗိုလ်လုပွဲတွင် နီလာဝင်း (မြန်မာ)က Ang Geraldine (စင်ကာပူ)ကို (၆-၁၊ ၆-၂) နှစ်ပွဲပြတ်ဖြင့် အနိုင်ရရှိပြီး ဗိုလ်စွဲသွားသည်။

**ချီးမြှင့်**

ဗိုလ်လုပွဲအပြီးတွင် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဒုတိယဥက္ကဋ္ဌ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် နာယက ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်နှင့် မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် အမှုဆောင် ဦးခိုင်ထွေး (Asia Brave Co., Ltd.) တို့က အမျိုးသမီး တစ်ဦးချင်းပြိုင်ပွဲတွင် ဗိုလ်စွဲသွားသော မြန်မာလူငယ် တင်းနစ်လက်ရွေးစင် နီလာဝင်းအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းပြိုင်ပွဲကို ဇန်နဝါရီ ၂၈ ရက်တွင် ခေတ္တရပ်နားမည်ဖြစ်ပြီး ဇန်နဝါရီ ၂၉ ရက် နံနက် ၈ နာရီခွဲတွင် ဒုတိယပြိုင်ပွဲ၏ ပွဲစဉ်များကို ယင်းတင်းနစ်ကွင်း၌ စတင်ကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

**အမျိုးသမီး တစ်ဦးချင်းပြိုင်ပွဲ၌ ဗိုလ်စွဲသွားသော မြန်မာလူငယ် တင်းနစ် လက်ရွေးစင် နီလာဝင်းအား တွေ့ရစဉ်။** (တင်းနစ်အဖွဲ့ချုပ်)

## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

**၂၈-၁-၂၀၁၁ (သောကြာနေ့)**

**နံနက်ပိုင်း**

- ၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး- မောင်မောင်လတ်)
- ၇း၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၈း၀၅ ၆။ ကြေးမုံရိပ်သွင်တေးနုယဉ်
- ၈း၁၅ ၇။ အကပြိုင်ပွဲ
- ၈း၂၅ ၈။ တေးဂီတအစီအစဉ်
- ၈း၃၅ ၉။ International News
- ၈း၄၀ ၁၀။ "တောမြိုင်စွန်းမှ လွမ်းမျက်ရည်"
- ၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

**ညပိုင်း**

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၀ ၂။ တေးဂီတအစီအစဉ်
- ၄း၂၀ ၃။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၄း၂၅ ၄။ နှောင်းခေတ်တေးပဒေသာ
- ၄း၃၅ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ -ဒုတိယနှစ် (ဓာတုဗေဒအထူးပြု) (ဓာတုဗေဒ)
- ၄း၅၀ ၆။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၅း၀၀ ၇။ မြန်မာစာ၊ မြန်မာစကား
- ၅း၁၅ ၈။ တေးဂီတအစီအစဉ်
- ၅း၂၅ ၉။ **"ရိုးသားဖြူစင် ကလေးတို့အသွင်"**
- ၆း၀၀ ၁၀။ ညနေခင်းသတင်း
- ၆း၁၅ ၁၁။ မိုးလေဝသအခြေအနေ
- ၆း၂၀ ၁၂။ ရသစုံလင် အင်တာနက်ဥယျာဉ်
- ၇း၀၀ ၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်သူ့နယ်နိမိတ်" (ဒုတိယတွဲ) (အပိုင်း-၆)**
- ၈း၀၀ ၁၄။ ပြည်တွင်းသတင်း
- ၁၅။ နိုင်ငံတကာသတင်းများ
- ၁၆။ မိုးလေဝသအခြေအနေ
- ၁၇။ "လှျပ်တစ်ပြက်ဟာသများ"
- ၁၈။ **နိုင်ငံခြားဇာတ်လမ်းတွဲ "စိတ်ကူးနဲ့ကြမ္မာ" (အပိုင်း-၂၃)**
- ၁၉။ သီချင်းချစ်သူ (ပလေးဘွိုင်းသန်းနိုင်)
- ၂၀။ အစီအစဉ်ပြီး၏။

## အားကစားမြှင့်တင် စိတ်လန်းရှင် ဆန့်ကျင်မူးယစ်ဆေး

ရန်ကုန်မြို့ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၄) အခြေခံပညာ အလယ်တန်းကျောင်း၏ ၂၀၀၉-၂၀၁၀ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၂ ရက်က ကျင်းပရာ ပဉ္စမတန်းတွင် ပထမဆု၊ မြို့နယ်ဘက်စုံထူးချွန်ပြိုင်ပွဲနှင့် စာစီစာကုံးပြိုင်ပွဲများတွင် ဆဋ္ဌမတန်း ပထမဆုရရှိသော မောင်ကောင်းခန့်ကျော်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့် ဆုချီးမြှင့်စဉ်။ (ပညာရေး)

### ကွင်းဆင်းစစ်ဆေး

**မိုင်းယုမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်သည့် ဝမ်နားဟွေလမ်း ကျောက်ချောခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ရှမ်းပြည်နယ် (အရှေ့ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုင်းထွန်းထွန်း ကွင်းဆင်းစစ်ဆေးစဉ်။** (သတင်းစဉ်)

## တာဝန်သိပြည်သူများ၏ သတင်းပေးမှုကြောင့် ဒေးဒရဲ-ဖျာပုံကားလမ်းဘေးရှိ သဘာဝဓာတ်ငွေ့ပိုက်လိုင်းအောက်မှ ချိန်ကိုက်မိုင်းတစ်လုံးအား ရှင်းလင်းဖယ်ရှားနိုင်ခဲ့

## ပြည်သူများအနေဖြင့် မသင်္ကာဖွယ်တွေ့ရှိပါက တာဝန်ရှိသူများထံ အချိန်မီသတင်းပေးပို့ကြရန် သက်ဆိုင်ရာက သတိပေးနှိုးဆော်ထား

နေပြည်တော် ဇန်နဝါရီ ၂၇

**ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲ-ဖျာပုံကားလမ်း မိုင်တိုင်အမှတ် (၁၂/၅)ရှိ ကွန်ကရစ်တံတားတစ်စင်းဘေး၌ ဖြတ်သန်းတည်ဆောက်ထားသော သဘာဝဓာတ်ငွေ့ပိုက်လိုင်းအောက်မှ ချိန်ကိုက်မိုင်းတစ်လုံးအား ဇန်နဝါရီ ၂၆ ရက် ည ၉ နာရီခန့်တွင် တာဝန်သိပြည်သူများ၏ သတင်းပေးပို့ချက်အရ ရှင်းလင်းဖယ်ရှားနိုင်ခဲ့ကြောင်း သိရှိရသည်။**

ဖြစ်စဉ်မှာ ယင်းနေ့ ညနေ ၆ နာရီခန့်တွင် ဒေးဒရဲ-ဖျာပုံကားလမ်း မိုင်တိုင်အမှတ် (၁၂/၅)၊ တံတားအမှတ် (၁/၁၃) ကွန်ကရစ်တံတားဘေး၌ ဖြတ်သန်းတည်ဆောက်ထားသော ၂၄ လက်မ သဘာဝဓာတ်ငွေ့ပိုက်လိုင်းအောက်၌ ချိန်ကိုက်မိုင်းတစ်လုံးတွေ့ရှိကြောင်း တာဝန်သိပြည်သူများ၏ ဆင့်ကဲဆင့်ကဲ သတင်းပေးပို့ချက်အရ တာဝန်ရှိသူများက သွားရောက်စစ်ဆေးခဲ့ကြောင်း၊ ထို့နောက် ချိန်ကိုက်မိုင်းအား အသက်မဲ့အောင် အချိန်ကိုက် ရှင်းလင်းဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ယင်းချိန်ကိုက်မိုင်းမှာ TNT 200 g စာတမ်းပါ ဆပ်ပြာတုံးပုံ အလျား လေးလက်မ၊ အနံ နှစ်လက်မ၊ ဒုတစ်လက်မခန့်ရှိ ယမ်းတုံး လေးတုံး၊ အရှည် ခုနစ်ပေခန့်ရှိ ယမ်းကြိုး တစ်ကြိုး၊ ဖြူဝါကြား ဝါယာကြိုး ခုနစ်ပေ ရှစ်လက်မခန့် တစ်ချောင်း၊ ဒီတိုနေတာဖြူးစ် တစ်ခု၊ ဓာတ်ခဲ လေးလုံးတို့ပါဝင်ကြောင်း သိရသည်။

အကြမ်းဖက် သောင်းကျန်းသူများ၊ အဖျက်အမှောင့်သမားများနှင့် နိုင်ငံရေးအမြတ်ထုတ်လိုသူများသည် နိုင်ငံတစ်ဝန်း မတည်ငြိမ်မှုများ၊ အကြမ်းဖက်ဆူပူမှုများ ဖြစ်ပွားအောင် ကြိုးပမ်းလုပ်ဆောင်လျက်ရှိရာ ၎င်းတို့၏ လုပ်ရပ်များအပေါ် ပြည်သူလူထုက ရွံရှာမုန်းတီးလျက်ရှိသဖြင့် တာဝန်ရှိသူများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ယခုဖြစ်စဉ်တွင်လည်း တာဝန်သိပြည်သူများက တာဝန်ရှိသူများထံ ဆင့်ကဲဆင့်ကဲ သတင်းပေးပို့ခဲ့သဖြင့်သာ အချိန်မီ ဖယ်ရှားရှင်းလင်းနိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ သို့ဖြစ်၍ ပြည်သူများအနေဖြင့် မသင်္ကာဖွယ်တွေ့ရှိပါက တာဝန်ရှိသူများထံ အချိန်မီသတင်းပေးပို့ကြရန် သက်ဆိုင်ရာက သတိပေးနှိုးဆော်ထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးဇော်မင်း အထက်ပေါင်းလောင်းရေအားလျှပ်စစ်စီမံကိန်း၏ ပင်မတမံ R.C.C စတင်သွန်းလောင်းခြင်း အခမ်းအနားတွင် ပင်မတမံ အဆင့်(၁) (Stage-1)အား စက်ယန္တရားကြီးများဖြင့် R.C.Cသွန်းလောင်းနေမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

# အထက်ပေါင်းလောင်း ရေအားလျှပ်စစ်စီမံကိန်း ပင်မတမံ R.C.C စတင်သွန်းလောင်းခြင်းအခမ်းအနား ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၂၇

**အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာန အမှတ်(၁) တည်ဆောက်ရေးက အကောင်အထည်ဖော် တည်ဆောက်လျက်ရှိသည့် အထက်ပေါင်းလောင်းရေအားလျှပ်စစ်စီမံကိန်း၏ ပင်မတမံ R.C.C စတင်သွန်းလောင်းခြင်း အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် အဆိုပါ စီမံကိန်းလုပ်ငန်းခွင်၌ ကျင်းပရာ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးဇော်မင်း၊ ဒုတိယဝန်ကြီး ဦးမျိုးမြင့်နှင့် ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က အခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။**

ထို့နောက် ဝန်ကြီးသည် ပင်မတမံ အဆင့်(၁) (Stage .1) အား စက်ယန္တရားကြီးများဖြင့် R.C.C သွန်းလောင်းနေမှုကို ကြည့်ရှုအားပေးပြီး စီမံကိန်းလုပ်ငန်းများကို ဆောင်ရွက်ရာတွင် လုပ်ငန်းခွင်သုံးပစ္စည်းများ အရည်အသွေးပြည့်မီအောင် စံချိန်စံညွှန်းနှင့်အညီ သုံးစွဲကြရေး၊ လုပ်ငန်းတစ်ခုချင်းအလိုက် ပြီးစီးရမည့် အချိန်ကာလများ သတ်မှတ်ဆောင်ရွက်ပြီး အချိန်မီပြီးစီးအောင် ကြိုးပမ်းဆောင်ရွက်ရေးနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးတို့ကို မှာကြားကာ အခမ်းအနားသို့ တက်ရောက်လာကြသော ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးစကား ပြောကြားသည်။

ဆက်လက်၍ Bottom Outlet R.C.C နှင့် C.V.C ကွန်ကရစ်သွန်းလောင်းပြီးစီးမှုနှင့် တမံဝဲဘက်ကမ်း မြေကြီးကျောက်သားတူးဖော်ပြီးစီးမှုနှင့် ဓာတ်အားပေးစက်ရုံ ဆွစ်ယဒ်တည်ဆောက်မည့် နေရာတို့ကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ အထက်ပေါင်းလောင်းရေအားလျှပ်စစ်စီမံကိန်း၏ တမံအမျိုးအစားမှာ R.C.C ကွန်ကရစ်တမံဖြစ်ပြီး တမံအမြင့် ၃၂၂ ပေ၊ တမံအလျား ပေ ၁၆၉၀ ရှိကာ R.C.C ကွန်ကရစ်ကျင်းပေါင်း ၃၃၀၀၀၀ ကို Block ၂၇ ခု၊ Stage ကိုးခုဖြင့် သွန်းလောင်းရမည်ဖြစ်သည်။ စီမံကိန်းပြီးစီးပါက စက်တပ်ဆင်အင်အား မဂ္ဂါဝပ် ၁၄၀ မှ နှစ်စဉ်ပျမ်းမျှ လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီသန်းပေါင်း ၄၅၄ သန်း ထုတ်လုပ်ပေးနိုင်မည့် စီမံကိန်းတစ်ခုဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

# စာရင်းစစ်များ လုပ်ငန်းခွင်ကျွမ်းကျင်မှု သင်တန်းဆင်းပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၂၇**

စာရင်းစစ်များလုပ်ငန်းခွင်ကျွမ်းကျင်မှုသင်တန်း အမှတ်စဉ်(၃၃) ဆင်းပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ စာရင်းစစ်ချုပ်ရုံး သင်တန်းကျောင်း၌ ကျင်းပရာ စာရင်းစစ်ချုပ် ဦးလွန်းမောင် တက်ရောက်၍ အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ညွှန်ကြားရေးမှူးများ၊ သင်တန်းကျောင်းမှ တာဝန်ရှိသူများ၊ သင်တန်း ကထိကများနှင့် သင်တန်းသား၊ သင်တန်းသူ ၁၁၂ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ စုစုပေါင်း နှစ်လခွဲခန့်ကြာမြင့်ခဲ့သည်။

အစိုးရဌာန အဖွဲ့အစည်းများမှ ဝန်ထမ်းများအတွက် ပထမအဆင့်၊ ဒုတိယအဆင့်၊ တတိယအဆင့် သင်တန်းများ၊ စာရင်းစစ်ချုပ်ရုံးမှ စာရင်းစစ်မှူးများအတွက် လုပ်ငန်းခွင်ကျွမ်းကျင်မှုသင်တန်းများ၊ ဒီပလိုမာ စာရင်းကိုင်သင်တန်းများကိုလည်း စာရင်းစစ်ချုပ်ရုံး သင်တန်းကျောင်း နေပြည်တော်၌ ဆက်လက် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

# မြဝတီရုပ်မြင်သံကြား အစီအစဉ်

**၂၈-၁-၂၀၁၁ (သောကြာနေ့)**

**နံနက်ပိုင်း**

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ တရားတော်
- ၇:၁၅ ၃။ ဓမ္မပူဇာတေး
- ၇:၂၀ ၄။ မျိုးချစ်တပ်မတော်
- ၇:၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇:၅၀ ၈။ အမျိုးသားရေးတေးကဗျာ
- ၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
- ၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၈:၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
- ၈:၁၆ ၁၂။ ပြီးပါပြီ။

**ညပိုင်း**

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ ရင်ခုန်စီးဆင်း အချစ်သီချင်း
- ၄:၂၅ ၄။ အိုင်စီတီသုတ
- ၄:၃၅ ၅။ မျိုးချစ်တပ်မတော်
- ၄:၅၅ ၆။ မှတ်တမ်း
- ၅:၂၀ ၇။ မီးကိုတိုးမည့်ပိုးဖလံများ
- ၅:၂၅ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅:၃၀ ၉။ သဘာဝပတ်ဝန်းကျင်နှင့် တောတွင်းတိရစ္ဆာန်များ -ငှက်တို့၏ဗိမာန် (အပိုင်း-၁)
- ၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၂၀ ၁၁။ အမျိုးသားရေးတေးကဗျာ
- ၆:၃၀ ၁၂။ "ရွာ"ဟာသဇာတ်လမ်းတွဲ
- ၆:၄၅ ၁၃။ စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား
- ၇:၀၀ ၁၄။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -မျှော်လင့်ခြင်းရောင်ခြည် (အပိုင်း-၃)**
- ၈:၀၀ ၁၅။ မြဝတီ ရုပ်မြင်သံကြားသတင်း
- ၁၆။ အမျိုးသားရေးတေးကဗျာ
- ၁၇။ နိုင်ငံတကာသတင်း
- ၁၈။ မိုးလေဝသသတင်း
- ၁၉။ သံစဉ်များနှင့်ကမ္ဘာ
- ၂၀။ စိုက်ပျိုးသုတ
- ၂၁။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
- ၂၂။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၃။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -မျဉ်းပြိုင်များ (အပိုင်း-၂)**
- ၂၄။ ကမ္ဘာတစ်ခွင်ခရီးစဉ်
- ၂၅။ သင့်အတွက်မနက်ဖြန်
- ၂၆။ အပိတ်နှုတ်ဆက်စကား
- ၂၇။ ပြီးပါပြီ။

# Amigos Int'l Co., Ltd.မှ ဆောက်လုပ်ရေးလုပ်ငန်းသုံး မြေတိုင်းပစ္စည်းများ တင်သွင်းဖြန့်ဖြူးရောင်းချ

**ရန်ကုန် ဇန်နဝါရီ ၂၇**

Amigos Int'l Co., Ltd . က တရုတ်ပြည်သူ့သမ္မတနိုင်ငံ Hi- Target Survey Instrument Co., Ltd. မှ ရောင်းအားအကောင်းဆုံး အရည်အသွေးမြင့် တိုင်းတာရေးပစ္စည်းများ ဖြစ်ကြသော GNSS RTK GPS များ၊ GIS လုပ်ငန်းသုံး လက်ကိုင် GPS များ၊ Digital Echo Sounder များ၊ MIGO အမှတ်တံဆိပ် Geodetic Total Station များ၊ Digital Theodolite များ၊ Auto Level၊ Laser Level များကို မြန်မာပြည်၏ တစ်ဦးတည်းကိုယ်စားလှယ်အဖြစ် တင်သွင်းဖြန့်ဖြူး ရောင်းချလျက်ရှိသည်။

Hi-Target V9 RTK System ၏ ထူးခြားချက်မှာ အခြားသော Differential GPS များကဲ့သို့ Cable ကြိုးများ ရှုပ်ထွေးမှုမရှိခြင်း၊ တစ်ဦးတည်းတိုင်းတာနိုင်ခြင်း၊ ပေါ့ပါးသော ဘက်ထရီစနစ်ကို အသုံးပြုထားခြင်း၊ သယ်ဆောင်ရလွယ်ကူခြင်း စသည်တို့ကြောင့် အဆောက်အအုံဆောက်လုပ်ရေးလုပ်ငန်း၊ တံတားဆောက်လုပ်ရေးလုပ်ငန်း၊ လမ်းဒီဇိုင်းလုပ်ငန်းနှင့် ရေကြောင်းတိုင်းတာရေးလုပ်ငန်းများတွင် လွယ်ကူလျင်မြန်တိကျစွာ တိုင်းတာဆောင်ရွက်နိုင်သည်။

Hi-Target GIS Data Collector GPS အမျိုးအစားဖြစ်သော Qmini GPS မှာ လက်ကိုင် GPS အမျိုးအစားတစ်ခုဖြစ်ပြီး ဂြိုဟ်တုမြေပုံများ၊ Topographic မြေပုံများ အစရှိသည့် Base Map များကို Qmini အတွင်းသို့ ထည့်သွင်းနိုင်ခြင်း၊ တိုင်းတာရာတွင် တိကျမှုရှိခြင်းတို့ကြောင့် သစ်တောတိုင်းတာရေး၊ ပျိုးခင်းများ၏ ဧရိယာသတ်မှတ်ခြင်းများတွင် ကုန်ကျစရိတ်သက်သာစွာဖြင့် လွယ်ကူလျင်မြန်စွာ အသုံးပြုနိုင်သည်။

ထို့အပြင် Geodetic Surveying Instrument များထဲတွင် Geodetic Total Station MIG- 502သည် Prism မလိုဘဲ မီတာ ၂၀၀ အထိ တိုင်းတာနိုင်ခြင်း၊ Data Collect၊ Layout၊ Remote Elevation Method အစရှိသည့် တိုင်းတာရေးနည်းစနစ်များ ပါရှိခြင်း၊ Download, Upload ပြုလုပ်နိုင်ခြင်း၊ Raw Data Coordinate Data များ ရရှိခြင်းကြောင့် ဆောက်လုပ်ရေးလုပ်ငန်းများ၊ တံတားရေလယ်တိုင်များ၊ မျှော်စင်ထိပ်ဖျားများ၊ ဓာတ်အားပေးတိုင်များ၊ မတ်စောက်လှသော ထုံးကျောက်တောင်များ၊ စေတီများ အစရှိသည်တို့အား အန္တရာယ်ကင်းရှင်းစွာဖြင့် တိုင်းတာနိုင်သော Total Station တစ်ခုဖြစ်သည်။

ပစ္စည်းများအားလုံးအတွက် ဝယ်ယူသူများအား တစ်နှစ်အာမခံပေးထားသည့်အပြင် စက်ချွတ်ယွင်း သွားပါက ပြန်လည်ပြင်ဆင်ပေးသော Service Center ကိုပါ ဖွင့်လှစ်ထားရှိသည်။

ဆက်သွယ်မေးမြန်းဝယ်ယူလိုပါက Amigos Int'l Co., Ltd.အမှတ် SH-102, SH တိုက်တန်း သစ္စာဥယျာဉ်အိမ်ရာ သစ္စာလမ်း (၈)ရပ်ကွက် တောင်ဥက္ကလာပမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၅၆၄၅၁၇၊ ၅၆၄၅၂၀၊ ၀၉-၅၀၂၅၉၇၂၊ ၀၁-၇၃၀၈၇၇၀၉၊ ၀၉-၄၉၂၂၅၉၈၄နှင့် Fax-၀၁-၅၆၄၅၂၀တို့သို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



# တပ်ကုန်းမြို့နယ် မျိုးဆက်ပွားကျန်းမာရေး ရှင်းလင်း

**နေပြည်တော် ဇန်နဝါရီ ၂၇**

ကျန်းမာရေးဦးစီးဌာနနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သည့် မျိုးဆက်ပွား ကျန်းမာရေး စီမံချက်၏ လုပ်ငန်းရပ်တစ်ခုဖြစ်သော မျိုးဆက်ပွားကျန်းမာရေးနှင့် အမျိုးသားများ၏ အခန်းကဏ္ဍ အသိပေးရှင်းလင်းပွဲကို နေပြည်တော်ခရိုင် တပ်ကုန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစည်းအဝေးခန်းမ၌ ဇန်နဝါရီ ၂၆ ရက်က ကျင်းပရာ အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအေးလူက အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ ထွန်းထွန်း**(အပေါ်ပုံ)**က ရှင်းလင်းတင်ပြကာ ပညာပေးတစ်ခန်းရပ်ပြဇာတ်ဖြင့် ကပြဖျော်ဖြေသရုပ်ဖော်ခဲ့သည်။

(၅၆၄)

**သာကေတမြို့နယ် အမှတ်(၂) အခြေခံပညာအလယ်တန်းကျောင်း မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေး၊ ပညာရည်ချွန်နှင့် ဘက်စုံထူးချွန်ဆုချီးမြှင့်ပွဲကို ဇန်နဝါရီ ၂၂ ရက်က ကျင်းပရာ သတ္တမတန်း ပထမဆုနှင့် မြို့နယ်ဘက်စုံထူးချွန်ဆု ဒုတိယဆုရရှိသူ မကြူကြူကျော်သင်းအား ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်မာကြည် ဂုဏ်ပြုဆု ချီးမြှင့်စဉ်။**

(ပညာရေး)

# စိတ်ပညာမိသားစု အာစရိယပူဇော်မည်

**ရန်ကုန် ဇန်နဝါရီ ၂၇**

စိတ်ပညာဌာနမှ အငြိမ်းစားယူသွားကြသော ဆရာကြီး၊ဆရာမကြီးများအား ကန်တော့ရန်နှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ တွေ့ဆုံပွဲကို ဖေဖော်ဝါရီ ၁၃ ရက်(တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ပန်ဒါဟိုတယ် ဝါးတန်းလမ်းနှင့်မင်းရဲကျော်စွာလမ်းထောင့် လမ်းမတော်မြို့နယ် ရန်ကုန်မြို့၌ ကျင်းပမည်ဖြစ်သည်။

တွေ့ဆုံပွဲတွင် ရန်ကုန်တက္ကသိုလ်၊ ဒဂုန်တက္ကသိုလ်၊ အဝေးသင်တက္ကသိုလ်၊ အရှေ့ပိုင်းတက္ကသိုလ်၊ လုပ်သားများကောလိပ်၊ Applied Psychology၊ Social Work သင်တန်းအသီးသီးမှ စိတ်ပညာဘွဲ့ရရှိကြသော ကျောင်းသား၊ ကျောင်းသူဟောင်းများ တက်ရောက်ကြရန်နှင့် အလှူငွေ ထည့်ဝင်လိုပါက ဦးအောင်မြတ်ကျော်စိန် (ပါမောက္ခ၊စိတ်ပညာဌာန) ဖုန်း-၅၃၇၃၇၅၊ ဦးစောဝေ ဖုန်း-၅၁၂၇၁၄၊ ဦးတင်ကိုကို ဖုန်း-၂၄၃၁၅၁၊ ဦးဝင်းမြင့် ဖုန်း-၀၉-၅၁၄၃၁၇၆၊ ဦးဝင်းမောင် ဖုန်း-၀၉-၅၁၇၄၅၂၁၊ ဦးစန်းဝင်း ဖုန်း-၀၉-၅၀၁၉၁၅၅၊ ဦးမြတ်အေး ဖုန်း-၀၉-၅၀၀၄၉၄၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

✳ **ရှေ့ဖုံးမှ**

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဆွေ၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်သိမ်း၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဦးလှထွန်း၊ ရှေ့နေချုပ် ဦးအေးမောင်၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှသိန်းဆွေ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Li Junhua နှင့်သံရုံးတာဝန်ရှိသူများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ EXIM Bank of China ဒုတိယဥက္ကဋ္ဌ Mr. Zhu Xinqiang ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဝန်ကြီး ဦးလှထွန်းက ချေးငွေစာချုပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ EXIM Bank of China ဒုတိယဥက္ကဋ္ဌက ကျေးဇူးတင်စကား ပြောကြားသည်။

**လက်မှတ်ရေးထိုး**

ယင်းနောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီးနှင့် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီးတို့၏ရှေ့မှောက်၌ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှသိန်းဆွေနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ EXIM Bank of China ဒုတိယဥက္ကဋ္ဌ Mr. Zhu Xinqiang တို့က နှစ်နိုင်ငံ အကျိုးတူ ပူးပေါင်းဆောင်ရွက်ရေးအတွက် ရင်မင်ဘီချေးငွေထုတ်ချေးရေးဆိုင်ရာ မူဘောင်သဘောတူစာချုပ် ပြင်ဆင်ချက် သဘောတူစာချုပ်ကို လည်းကောင်း၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မြန်မာ့နိုင်ငံခြား ကုန်သွယ်မှုဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးညီဖြူလှနှင့် EXIM Bank of China ဒုတိယဥက္ကဋ္ဌတို့က ရင်မင်ဘီချေးငွေထုတ်ချေးရေးဆိုင်ရာ ပင်မချေးငွေစာချုပ်နှင့် နေပြည်တော် အပြည်ပြည်ဆိုင်ရာ လေဆိပ်တည်ဆောက်ရေးစီမံကိန်းအဆင့်(၂) ဝယ်သူချေးငွေစာချုပ်တို့ကို လည်းကောင်း လက်မှတ်ရေးထိုးကြပြီး စာချုပ်များကို အပြန်အလှန် လဲလှယ်ကြသည်။

ဆက်လက်၍ အတွင်းရေးမှူး(၁)နှင့် တက်ရောက်လာကြသူများသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ EXIM Bank of China ဒုတိယဥက္ကဋ္ဌ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့်အတူ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ချေးငွေစာချုပ်များ လက်မှတ်ရေးထိုးပွဲအခမ်းအနား အောင်မြင်ခြင်းအထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ကြသည်။ (သတင်းစဉ်)

## ဝန်ကြီး ဦးလှထွန်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ EXIM Bank of China ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့ လာရောက်တွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၂၇**

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဦးလှထွန်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ EXIM Bank of China ဒုတိယဥက္ကဋ္ဌ Mr. Zhu Xinqiang နှင့်အဖွဲ့သည် ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဝန်ကြီး၏ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြား ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ငွေကြေးဆိုင်ရာ ကိစ္စရပ်များကို အကျယ်တဝင့် ဆွေးနွေးကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဦးလှထွန်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ EXIM Bank of China ဒုတိယဥက္ကဋ္ဌ Mr. Zhu Xinqiang နှင့်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။** (သတင်းစဉ်)

## မရမ်းကုန်းမြို့နယ် (၈)မိုင် ပြည်ထောင်စုကျောင်း အာစရိယပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၂၇**

ယခင် ပြည်ထောင်စုအထက်တန်းကျောင်း ကျောင်းသားဟောင်းများ၏ နှစ်စဉ်ကျင်းပမြဲဖြစ်သည့် အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ ၁၂ ရက် (ပြည်ထောင်စုနေ့) (စနေနေ့) နံနက် ၉ နာရီတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် (၁၀၆)လမ်း အမှတ်(၂၄-ဒီ) ဆရာကြီးဦးတိုးအောင်၏ နေအိမ်၌ ကျင်းပမည်ဖြစ်၍ ဆရာဟောင်းများနှင့် ကျောင်းသားဟောင်းများ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် အလှူငွေပစ္စည်းများ လှူဒါန်းလိုပါက ဗိုလ်မှူးကြီးဗဟိန်း(ငြိမ်း) ဖုန်း-၆၆၀၇၃၁၊ ဗိုလ်မှူးမောင်သိန်း(ငြိမ်း) ဖုန်း-၅၇၂၀၁၅၊ ဦးဘညွန့်ဦး ဖုန်း-၆၈၄၇၆၁၊ ဦးထွန်းမြင့် ဖုန်း-၀၅၆-၂၁၄၇၃၊ ဦးအေးဖေ ဖုန်း-၃၇၉၆၄၇၊ ဒေါက်တာအေးဖေ ဖုန်း-၆၆၂၉၆၇၊ ဦးဝင်းကြည် ဖုန်း-၅၇၃၁၉၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကိုယ်စား ရန်ကုန်တိုင်းဒေသကြီးကော်မရှင်အဖွဲ့ခွဲက ဂုဏ်ပြုလွှာများ ပေးအပ်သည့်အခမ်းအနား ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၂၇**

ရန်ကုန်တိုင်းဒေသကြီး ကော်မရှင်အဖွဲ့ခွဲက တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များအား ဂုဏ်ပြုလွှာများ ပေးအပ်သည့် အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ် ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌများ၊ အဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးကိုကိုက အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်ကိုယ်စား ရန်ကုန်တိုင်းဒေသကြီး ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးကိုကိုက တိုင်းဒေသကြီး ကော်မရှင်အဖွဲ့ခွဲနှင့် ခရိုင်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များ၏ ဂုဏ်ပြုလွှာများကို တိုင်းဒေသကြီး ကော်မရှင်အဖွဲ့ခွဲ ကိုယ်စားလှယ်တစ်ဦးနှင့် ခရိုင် ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌများထံ ပေးအပ်သည်။

ဆက်လက်၍ ရန်ကုန်အနောက်ပိုင်း ခရိုင် ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးအောင်မိုးမြင့်၊ ရန်ကုန်အရှေ့ပိုင်းခရိုင် ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးခင်မောင်ကျော်၊ ရန်ကုန်မြောက်ပိုင်းခရိုင် ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးအောင်ခိုင်နှင့် ရန်ကုန်တောင်ပိုင်းခရိုင် ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးမြတ်စိုးတို့က မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌများအား မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များ၊ သက်ဆိုင်ရာ မြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာ ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များနှင့် မဲရုံဝန်ထမ်းများ၏ ဂုဏ်ပြုလွှာများကို ပေးအပ်ကြသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးကိုကိုက နိဂုံးချုပ်အမှာစကား ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

**ဒလမြို့နယ် အမှတ်(၂)အခြေခံပညာမူလတန်းကျောင်း ၂၀၀၉-၂၀၁၀ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်ညီလာခံနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၂၀ ရက်က ကျင်းပရာ ဒုတိယတန်းမှ ပထမဆုရသူ မောင်ညာဏ်လှိုင်ဖြိုးအား လက်ထောက်မြို့နယ်ပညာရေးမှူး ဆုချီးမြှင့်စဉ်။** (၅၆၉)

**သက်ရှိလောက တည်မြဲဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့**

## မြစ်ငယ် အထက အာစရိယပူဇော်ပွဲ ကျင်းပမည်

**နေပြည်တော် ဇန်နဝါရီ ၂၇**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် မြစ်ငယ် အထက၌ အမှုထမ်းခဲ့ပြီး သက်ပြည့်အငြိမ်းစားယူသွားခဲ့သော ဆရာကြီး၊ ဆရာမကြီးများအား ကျောင်းသား၊ ကျောင်းသူဟောင်းများက နဝမအကြိမ် အာစရိယပူဇော်ပွဲကို ဧပြီ ၄ ရက် နံနက် ၁၀ နာရီတွင် မြစ်ငယ်မီးရထားခန်းမ၌ ကျင်းပမည်ဖြစ်ရာ ပူဇော်ခံ ဆရာကြီး၊ ဆရာမကြီးများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ကြပါရန်နှင့် ပါဝင်လှူဒါန်းလိုသူ ကျောင်းသား၊ ကျောင်းသူဟောင်းများသည် ဒေါ်မြဝင်း ကျောင်းအုပ်ဆရာမကြီး အထက (မြစ်ငယ်) ဖုန်း-၀၂-၅၅၀၇၁၊ ဦးမင်းနောင် ဖုန်း-၀၂-၅၅၂၀၇၊ ဦးမောင်မောင်ခင် ဖုန်း-၀၂-၅၅၁၃၂၊ ဦးဝင်းမြင့်စိုး ဖုန်း-၀၂-၅၅၃၂၉၊ ဦးမြစိန်+ဒေါ်ခင်မမ ဖုန်း-၀၂-၇၂၂၉၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

**တောင်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ပါမိုးနဲရေထွက်မှ ရေကို ဘဲဥကန် အမှတ်(၁)နှင့် (၂)သို့ စုဆောင်းထားရှိမှုအား အငယ်တန်းအင်ဂျင်နီယာ-၂ ဦးရဲကြည်မြင့်နှင့်အဖွဲ့ ဆောင်ရွက်လျက်ရှိရာသို့ အမှုဆောင်အရာရှိ ဦးစိုးနိုင်ဦးနှင့် အင်ဂျင်နီယာမှူး ဦးအောင်နိုင်ထွန်းတို့ ဇန်နဝါရီ ၅ ရက်က ကွင်းဆင်းကြီးကြပ်ဆောင်ရွက်စဉ်။** (မြို့နယ်စည်ပင်)

**သန်လျင်မြို့နယ် အမှုထမ်းရပ်ကွက် အမှတ်(၁) အခြေခံပညာမူလတန်းလွန်ကျောင်း (ညောင်သုံးပင်) ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၁၁ ရက်က ကျင်းပရာ သူငယ်တန်းမှ စတုတ္ထတန်းအထိ ငါးနှစ်ဆက်တိုက် ပထမဆုရ မောင်သုတဆန်းအား ကျောင်းအုပ်ဆရာမကြီး ဒေါ်သီတာအောင် ဆုချီးမြှင့်စဉ်။** (ကြေးမုံ)

## မြန်မာနိုင်ငံတောင်ပိုင်းစွန်းဒေသများ ကွက်ကျားမိုး ဆက်လက်ရွာနိုင်

နေပြည်တော် ဇန်နဝါရီ ၂၇

**ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်**

လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာခဲ့ပြီး ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ကာ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် အများအားဖြင့် သာယာခဲ့သည်။ **ညအပူချိန်များမှာ** မွန်ပြည်နယ်တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်ထက် ၅ ဒီဂရီစင်တီဂရိတ်ပိုခဲ့ပြီး ချင်းပြည်နယ်တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်အောက် ၄ ဒီဂရီစင်တီဂရိတ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်အောက် ၅ ဒီဂရီစင်တီဂရိတ်လျော့နည်းခဲ့ကာ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ **ထူးခြားသည့် ညအပူချိန်များမှာ** ဟားခါးမြို့တွင် ၁ ဒီဂရီစင်တီဂရိတ်၊ လားရှိုးမြို့တွင် ၄ ဒီဂရီစင်တီဂရိတ်နှင့် ပင်လောင်းမြို့တွင် ၅ ဒီဂရီစင်တီဂရိတ်တို့ ဖြစ်ကြသည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** ကော့သောင်းမြို့တွင် သုညဒသမ ၄၃ လက်မ ဖြစ်သည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ ။** ။ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

**ဇန်နဝါရီ ၂၈ ရက် ညနေထိခန့်မှန်းချက် ။** ။ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်ပြီး ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ မွန်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းကာ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် အများအားဖြင့် သာယာမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

**မြန်မာ့ပင်လယ်ပြင်တွင် ။** ။ လှိုင်းအသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက် ။** ။ မြန်မာနိုင်ငံတောင်ပိုင်းစွန်းဒေသများတွင် နေရာကွက်ကျား မိုးဆက်လက် ရွာနိုင်သည်။

**နေပြည်တော်**နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**ရန်ကုန်မြို့**နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

**မန္တလေးမြို့**နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

အတည်ပြုချိန် - ၁၂း၅၀

(28-1)08.pmd 1 1/28/2011, 4:50 AM

# မြန်မာနိုင်ငံပြန်တမ်း

**နေပြည်တော် ဇန်နဝါရီ ၂၇**

၁။ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်း အကြီးအကဲများအား အစမ်းခန့်ကာလ(၁)နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| **အမည်** | **ဝန်ထမ်းအဖွဲ့အစည်း အကြီးအကဲ ရာထူး၊ ဌာန** |
| --- | --- |
| (က) ဦးညီဖြူလှ | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်<br>ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန |
| (ခ) ဦးမြင့်အောင် | ဦးဆောင်ညွှန်ကြားရေးမှူး<br>လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း<br>အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန |

၂။ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းမှ အထွေထွေမန်နေဂျာ ဦးရဲတင့်အား ယင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးအဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

# ၂၀၁၁ ခုနှစ် (၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

- ပြည်ထောင်စုမပြိုကွဲရေး တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စုတိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး။
- တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထွန်းကားရေး။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများ၏ အန္တရာယ်ကို တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်မှုဖြင့် ပူးပေါင်းကာကွယ်တားဆီးရေး။
- တိုင်းရင်းသားပြည်သူများ၏ တစ်ခဲနက်ထောက်ခံမှုဖြင့် အတည်ပြုခဲ့သော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေး။
- နှစ်ပေါင်းထောင်ချီ၍ ဥမကွဲ သိုက်မပျက် ဖြစ်ထွန်းလျက်ရှိသည့် နိုင်ငံတော်ကြီးကို ပြည်ထောင်စုကြီးအဖြစ် အရှည်တည်တံ့ခိုင်မြဲစေရန် တိုင်းရင်းသားစည်းလုံးညီညွတ်မှု စွမ်းပကားဖြင့် ပူးပေါင်းဆောင်ရွက်ရေး။

❈ ကျောဖုံးမှ

မိုတင်းနေထိုင်လျက်ရှိပါတယ်။ ယခင်က မြို့နယ်အဆင့်ဆေးရုံဖြစ်တဲ့ ခုတင်(၅၀)ဆံ့ ဆေးရုံသာရှိခဲ့ပါတယ်။ အဲဒီဆေးရုံကလည်း မုန်တိုင်းကြောင့် ပျက်စီးဆုံးရှုံးခဲ့ရပါတယ်။

"နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေရဲ့ ၂၀၀၈ ခုနှစ်မေလခရီးစဉ်မှာ ပျက်စီးသွားတဲ့ ခုတင်(၅၀) ဆံ့ ဆေးရုံအစား ခုတင်(၁၀၀)ဆံ့ ဆေးရုံကြီးအဖြစ် အဆင့်မြှင့်တင် အသစ်တည်ဆောက်သွားဖို့ မှာကြားလမ်းညွှန်ခဲ့ပါတယ်။ ဒီလမ်းညွှန်ချက်နဲ့အညီ တည်ဆောက်ခဲ့လို့ ယခုလို ဆေးရုံသစ်ကြီး ပေါ်ထွန်းလာတာပါ" ဟု ရှင်းလင်းပြောကြားသည်။

ဆေးရုံကြီးကို ဘိုကလေးမြို့ မြို့သစ်ရပ်ကွက်ရှိ မြေဧရိယာ ၃၁ ဒသမ ၉ ဧကပေါ်တွင် တည်ဆောက်ထားသည်။ အလျား၊ အနံ ၃၂၆ ပေစီရှိပြီး ကြမ်းခင်းဧရိယာမှာ ၅၇၄၄၀ စတုရန်းပေ ရှိသည်။ အဆောင် လေးဆောင်ပါရှိပြီး ပင်မဆောင်မှာ ၂၂၂ ပေ × ၆၂ ပေ၊ လူနာဆောင် သုံးဆောင်မှာ ၂၂၂ ပေ× ၅၂ ပေစီရှိသည်။ အဆောင်လေးဆောင်တွင် ပြင်ပလူနာဌာန၊ အထွေထွေကုသဆောင်၊ မီးယပ်၊ သားဖွားနှင့် ကလေးကုသဆောင်၊ အရိုး အကြောနှင့် ခွဲစိတ်ကုသဆောင်တို့ ပါဝင်သည်။ ဆေးရုံအဆောက်အအုံ၏ အတွင်းအပြင် နှစ်ဖက်စလုံးတွင် ၁၀ ပေအကျယ် လျှောက်လမ်းများကို ထည့်သွင်းတည်ဆောက်ထားသည်။

ပြင်ပလူနာဌာနတွင် ဆေးရုံအုပ်ကြီးရုံးခန်း၊ ဆေးရုံရုံးခန်း၊ အစည်းအဝေးခန်းမ၊ ဓာတ်မှန်ခန်း၊ ဓာတ်ခွဲခန်း၊ သွေးသိုလှောင်ခန်း၊ မှတ်တမ်းများထားရှိသည့်အခန်း၊ ဆေးပစ္စည်းစတိုခန်း၊ သွားဆေးကုသခန်း၊ အရေးပေါ်လူနာကုသခန်း၊ ဆေးပေးခန်း၊ ကာကွယ်ဆေးများသိုလှောင်ရာ အအေးခန်း၊ အများသုံးတယ်လီဖုန်းအသုံးပြုခန်း၊ လူနာများ နားနေရန်နေရာနှင့် အမျိုးသား၊ အမျိုးသမီးသန့်စင်ခန်း စသည်တို့ပါဝင်သည်။ အလားတူ အထွေထွေရောဂါကုသဆောင်တွင် အမျိုးသားကုသဆောင်၊ အမျိုးသမီးကုသဆောင်၊ အထူးကုသခန်းများနှင့် လူနာစမ်းသပ်ခန်း၊ မီးယပ်၊ သားဖွားနှင့် ကလေးကုသဆောင်တွင် သားဖွားခန်း၊ မွေးကင်းစကလေးများထားရာအခန်း၊ လူနာစမ်းသပ်ခန်း၊ ကျန်းမာရေးပညာပေးရုံးခန်း၊ မီးယပ်နှင့်သားဖွားကုသဆောင်နှင့် ကလေးကုသဆောင်၊ အရိုး၊ အကြောနှင့် ခွဲစိတ်ကုသဆောင်တွင် အကြီးစားခွဲစိတ်ခန်း နှစ်ခန်း၊ Septic OT ခန်း၊ Recovery Room၊ အထူး ကြပ်မတ်ကုသခန်း၊ အရိုး၊ အကြောကုသဆောင်၊ ခွဲစိတ်ကုသဆောင်နှင့် ခွဲစိတ်ပြီးသည့် စွန့်ပစ်ပစ္စည်းများ ယာယီထားရှိရန်အခန်း စသည်တို့ကို စနစ်တကျ သေသပ်ကျနစွာ ဖွဲ့စည်းတည်ဆောက်ထားသည်။ ဆေးရုံ အဆောင်များအတွင်းတွင်လည်း လူနာခုတင်များ၊ မွေးခုတင်၊ ခွဲစိတ်ခုတင်၊ လူနာစမ်းသပ်ခုတင်၊ Anaesthetic Machine၊ Emergency Surgical Set၊ သွားကုသခံ စသည့် ဆေးရုံသုံးပစ္စည်းများနှင့် ပရိဘောဂပစ္စည်းများကို စုံလင်စွာ ဖြည့်ဆည်းထားသည်ကို တွေ့ရသည်။ ဆေးရုံအဆောက်အအုံက ကြီးမားခံ့ညားသကဲ့သို့ ဆေးကုသဆောင်များရှိ ဆေးရုံသုံးပစ္စည်းများနှင့် ပရိဘောဂပစ္စည်းများသည်လည်း သစ်သစ်လွင်လွင် ထည်ထည်ဝါဝါ ရှိလှသည်။

"အခုဆိုရင် ဒီခုတင်(၁၀၀)ဆံ့ ဆေးရုံကြီးမှာ အထွေထွေရောဂါကု ဆရာဝန်ကြီး၊ ခွဲစိတ်အထူးကု၊သားဖွားမီးယပ်အထူးကု၊ ကလေးအထူးကုစတဲ့ အထူးကုဆရာဝန်ကြီးများ၊ ဓာတ်မှန်ဆရာဝန်ကြီး၊ မေ့ဆေးဆရာဝန်ကြီးနဲ့ လက်ထောက်ဆရာဝန်တွေ စုံစုံလင်လင်နဲ့ လူနာတွေကို ပြုစုကုသပေးဖို့ အဆင်သင့်ဖြစ်နေပါပြီ။ ဒါ့အပြင် လိုအပ်တဲ့ ဆေးဝါးများနဲ့ ခေတ်မီဆေးရုံသုံးပစ္စည်းများကိုလည်း နိုင်ငံတော်က ထောက်ပံ့ဖြည့်ဆည်းပေးထားပါတယ်"ဟု ဆေးရုံအုပ်ကြီးဖြစ်သူ ဒေါက်တာသန်းဌေးအောင်က ပြောကြားသည်။

**ခုတင်(၁၀၀)ဆံ့ဆေးရုံသစ်ကြီးတွင် သွားရောဂါဝေဒနာရှင်များကို လက်ခံကုသပေးနိုင်သည့် သွားဆေးကုခန်းကိုလည်း ဤသို့ ထည့်သွင်းတည်ဆောက်ထားသည်။**

ဆက်လက်၍ ဒေသတွင်းကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးနေမှု အခြေအနေကို ဆေးရုံအုပ်ကြီးက ရှင်းပြရာတွင် "ဘိုကလေးမြို့နယ်အတွင်း၌ ခုတင် (၁၀၀)ဆံ့ ဆေးရုံကြီးအပြင် တိုက်နယ်ဆေးရုံ သုံးရုံ၊ ကျေးလက်ကျန်းမာရေးဌာနခုနစ်ခုနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲ ၃၃ ခု ဖွင့်လှစ်ထားပြီးဖြစ်ကြောင်း၊ ထို့ကြောင့် မြစ်ချောင်းအင်းအိုင်ပေါများ၍ သွားလာဆက်သွယ်ရေးခက်ခဲသည့် ကျေးလက်ဒေသများတွင်လည်း ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ကွန်ရက်သဖွယ် ချိတ်ဆက်ဆောင်ရွက်ပေးနိုင်ပြီဖြစ်ကြောင်း၊ မြို့နယ်အတွင်းရှိ ဆေးရုံများ၊ ကျန်းမာရေးဌာနများမှ ဆရာဝန်များနှင့် ဝန်ထမ်းများက ဒေသခံပြည်သူများ စိတ်ချမ်းမြေ့စွာ ဆေးဝါးကုသမှုခံယူနိုင်အောင် ပြုစုစောင့်ရှောက်ပေးလျက်ရှိကြောင်း၊ ထို့အတူ ပြည်သူများ ကျန်းမာရေးအသိ ပိုမိုကျယ်ပြန့်စွာ သိမြင်လာပြီး ကျန်းမာရေးသတိ ပိုမိုမြင့်မားလာစေရေးအတွက် ရောဂါကာကွယ်ရေး၊ ကုသရေးနှင့် ကျန်းမာရေး အသိပညာပေးလုပ်ငန်းများကို ကျေးရွာအရောက် ခရီးပေါက်သည်အထိ ကွင်းဆင်းဆောင်ရွက်လျက် ရှိကြောင်း" ဖြင့် အကျယ်တဝင့်ရှင်းလင်းပြောကြားသည်။

**ဝေဒနာရှင်များကို ဝန်ဆောင်မှု အပြည့်အဝ ပေးနိုင်ရန်အတွက် လူနာတင်ယာဉ်လည်း အသင့်ရှိပြီဖြစ်သည်။**

ဆေးရုံကြီးကို ထူးထရေးဒင်းကုမ္ပဏီလီမိတက်က တာဝန်ယူတည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ဆေးရုံတည်ဆောက်မည့်မြေနေရာမှာ ရေဝပ်ဧရိယာဖြစ်နေခြင်းကြောင့် အနက်ခြောက်ပေအထိ သဲဖို့ပြီးမှ ခက်ခက်ခဲခဲ တည်ဆောက်ခဲ့ရကြောင်း၊ သဲကျင်းပေါင်း ၃၃၀၀၀ ကျော် အသုံးပြုခဲ့ရကြောင်း၊ တည်ဆောက်ရာတွင် အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေးကော်မတီက သတ်မှတ်ထားသည့် စတုရန်းပုံ သံကူကွန်ကရစ်တစ်ထပ်ဆေးရုံအဖြစ် သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ တည်ဆောက်ခဲ့ကြောင်းဖြင့် ကုမ္ပဏီမှတာဝန်ရှိသူတစ်ဦးက ဆေးရုံတည်ဆောက်ခဲ့မှုနှင့်ပတ်သက်၍ ရှင်းပြသည်။

ထူးထရေးဒင်းကုမ္ပဏီလီမိတက် အနေဖြင့် ဆေးရုံတည်ဆောက်ပေးရုံသာမက ဆေးရုံရှိ ဆရာဝန်များ အင်တာနက်အသုံးပြုနိုင်ရန်အတွက် ငွေကျပ် သိန်း ၄၀၀ တန်ဖိုးရှိ IP Star System Computer ငါးစုံ၊ ငွေကျပ် သိန်း ၁၂၀ တန် 100 KVA ဓာတ်အားပေးစက်တစ်လုံး၊ ပရိဘောဂပစ္စည်းများနှင့် ဆေးရုံသုံးပစ္စည်းများ၊ ငွေကျပ် သိန်း ၃၅၀ တန်ဖိုးရှိ လူနာတင်ယာဉ်နှင့် ဆေးရုံပြင်ဆင်ထိန်းသိမ်းရေးရန်ပုံငွေကျပ်သိန်း ၃၀၀တို့ကို ဆေးရုံဖွင့်ပွဲအခမ်းအနား၌ ပေးအပ်လှူဒါန်းခဲ့သည်ကို မုဒိတာပွားဖွယ် တွေ့မြင်ခဲ့ရသည်။

ဆေးရုံဖွင့်ပွဲအခမ်းအနားသို့ ဘိုကလေးမြို့မှ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများလည်း စုံညီစွာ တက်ရောက်ခဲ့ကြသည်။ ထိုသို့ တက်ရောက်လာသူများအနက် ဘိုကလေးမြို့ အမှတ်(၃) ရပ်ကွက်မှ ကိုထွန်းထွန်းက "အရင်တုန်းကတော့ဗျာ ဒီလိုဆေးရုံကြီးနဲ့ ဆရာဝန်ကြီးတွေမရှိတော့ ရောဂါတစ်ခုခုဖြစ်ရင် ရန်ကုန်ထိ သွားကုရတာပေါ့။ သင်္ဘောနဲ့ တစ်ညအိပ် သွားပြီးမှ ဆေးရုံကို ရောက်တယ်။ လမ်းမှာ လူနာတစ်ခုခုဖြစ်ရင်လည်း ဘာမှ မတတ်နိုင်ဘူး။ အခုတော့ ဒီဆေးရုံသစ်ကြီးနဲ့အတူ အထူးကုဆရာဝန်ကြီးတွေ၊ ဆေးဝါးပစ္စည်းတွေ အစုံအလင်နဲ့ ဖြစ်လာပြီဆိုတော့ ကိုယ့်ဆီကိုယ့်အရပ်မှာပဲ လက်လှမ်းတမီ ဆေးဝါးကုသနိုင်ပြီပေါ့ဗျာ။ ကျွန်တော်တို့မြို့နယ်က ပြည်သူတွေရဲ့ ကျန်းမာရေးအတွက် မစိုးရိမ်ရတော့ဘူးဗျ" ဟု ပြုံးပျော်ကြည်နူးစွာဖြင့် ပြောပြသည်။

**ဆေးရုံသစ်တွင် ဓာတ်မှန်ခန်းသစ်ကလည်း ဝေဒနာရှင်တို့ အားထားရမည့် နေရာတစ်ခုအဖြစ် ပါဝင်လာပြီဖြစ်သည်။**

ဘိုကလေးမြို့နယ်၏ ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံသစ်ကြီးသည်ကား ခံ့ညားထည်ဝါစွာဖြင့် ပေါ်ထွန်းလာခဲ့ပေပြီ။ ယခင်က ခုတင်(၅၀)ဆံ့ ဆေးရုံသာ ရှိခဲ့ရာမှ **"မြေအုတ်တို့ပြိုလေရာ ကျောက်အုတ်တို့ဖြင့် အစားထိုးအံ့"** ဟူသည့် ဩဝါဒနှင့်အညီ မူလအခြေ အနေထက် ပိုမိုသာလွန်ကောင်းမွန်သည့် ဆေးရုံသစ်ကြီးကို နိုင်ငံတော်က တည်ဆောက်ပေးခဲ့ခြင်းဖြစ်သည်။ အလားတူ ယင်းဆေးရုံသစ်ကြီးကို ဖွင့်လှစ်နိုင်ခြင်းသည် နာဂစ်မုန်တိုင်းလွန်ကာလ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ၏ အောင်မြင်မှုမှတ်တိုင်တစ်ခုကို စိုက်ထူလိုက်နိုင်ခြင်းလည်း ဖြစ်သည်။

ဆေးရုံသစ်ကြီး ဖြစ်တည်လာမှုနှင့်အတူ အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်များ၊ ခေတ်မီဆေးရုံသုံး ပစ္စည်းများနှင့် ဆေးဝါးပစ္စည်းများကို နိုင်ငံတော်က အပြည့်အစုံ ပံ့ပိုးဖြည့်ဆည်းပေးထားပြီးဖြစ်သည်။ သို့ဖြစ်ရာ အဆိုပါ ဆေးရုံသစ်ကြီးက မြို့နယ်အတွင်းရှိ ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ယခင်ကထက် ပိုမိုမြှင့်တင်ဆောင်ရွက်ပေးနိုင်တော့မည် ဖြစ်ပါကြောင်း မှတ်တမ်းပြုရေးသားလိုက်ရပါသည်။ ။

# MNL ဇယားထိပ်ဆုံးမှ ထိပ်သီးနှစ်သင်းထိပ်တိုက်တွေ့မည့် ပွဲကြီးပွဲကောင်း နှစ်သင်းစလုံးအတွက် ခက်ခဲပြီး ပရိသတ်အကြိုက်တွေ့နိုင်

**ဇန်နဝါရီ ၁၅ ရက်မှ စတင်ကျင်းပခဲ့သည့် MNL Grand Royal 2011 အမှတ်ပေးဘောလုံးပြိုင်ပွဲကြီးမှာ အများမျှော်လင့်ထားသကဲ့သို့ပင် ပြိုင်ပွဲစကတည်းက ပရိသတ်အကြိုက်တွေ့သည့် ပွဲကြီးပွဲကောင်းများဖြင့် ဆီးကြိုလျက်ရှိနေသည်။**

ယခုတစ်ပတ် ဇန်နဝါရီ ၂၉ ရက် (စနေနေ့)ညနေတွင်လည်း သုဝဏ္ဏဘောလုံးကွင်း၌ ပရိသတ်အကြိုက်တွေ့မည့် MNL Grand Royal 2011 အမှတ်ပေးဘောလုံးပြိုင်ပွဲတစ်ပွဲ ရှိနေပြန်သည်။ ယင်းပွဲမှာ ယခုနှစ်အတွက် အကြီးအကျယ် ပြင်ဆင်အားဖြည့်ထားသည့် ရန်ကုန်ယူနိုက်တက်အသင်းနှင့် ယမန်နှစ်တွင် ချန်ပီယံဆုကို တော့လွဲလွဲခဲ့ရသော နာမည်ကြီးဇေယျာရွှေမြေအသင်းတို့ ထိပ်တိုက်တွေ့မည့်ပွဲဖြစ်သည်။ ယင်းနှစ်သင်းမှာ ယခုရာသီ MNL Grand Royal 2011 အမှတ်ပေးဘောလုံးပြိုင်ပွဲ အမှတ်ပေးဇယားတွင်လည်း နှစ်ပွဲကစားပြီးချိန်၌ ပွဲတိုင်းနိုင်ကာ ဇယားထိပ်ဆုံးတွင် အပြိုင်ရပ်တည်နေသည့် ထိပ်သီးအသင်းကြီးများဖြစ်သည်။ ဇေယျာရွှေမြေအသင်းမှာ နှစ်ပွဲပေါင်း ကိုးဂိုးသွင်းထားပြီး တစ်ဂိုးသာ ပြန်ပေးထားရသောကြောင့် အကောင်းဆုံးတိုက်စစ်နှင့် ခံစစ်ကို ပိုင်ဆိုင်နေသည်ဟု ဆိုရမည်ဖြစ်သည်။ ယခုနှစ်တွင် ချန်ပီယံဆုမျှော်မှန်းပြီး အစွမ်းကုန်ကြိုးစားပြင်ဆင်ပြိုင်ပွဲဝင်နေသော ရန်ကုန်အသင်းမှာလည်း ပွဲဦးထွက်နှစ်ပွဲတွင် တောင့်တင်းလှသော နေပြည်တော်အသင်းကို နှစ်ဂိုးပြတ်၊ လက်ရှိချန်ပီယံ ရတနာပုံအသင်းကို မန္တလေးမြေပေါ်တွင် သုံးဂိုးပြတ်ဖြင့် ခြေစွမ်းပြအနိုင်ယူထားသော အသင်းကြီးဖြစ်၍ ယခုပွဲမှာ ကျားနှင့်ဆင်လယ်ပြင်မှာ တွေ့ကြမည့် ပြိုင်ပွဲကြီးဖြစ်နေသည်။

စိတ်ဓာတ်၊ ကစားအားနှင့် ခြေစွမ်းပိုင်းအပြင် အနိုင်ရလိုစိတ်အပြည့်ဖြင့် ကြိုးစားခြေစွမ်းပြနေသည့် ရန်ကုန်ယူနိုက်တက်အသင်းကို ရန်ကုန်မြေပေါ်တွင် ကျော်ဖြတ်အနိုင်ယူရမည့်ကိစ္စမှာ ဇေယျာရွှေမြေအတွက် မလွယ်ကူနိုင်သလို တစ်ဖက်ကကြည့်လျှင်လည်း ဇေယျာရွှေမြေအသင်းမှာ လက်ရှိခြေစွမ်းပိုင်းနှင့် ကစားသမားပိုင်းအရ မည်သည့်အသင်းကိုမဆို စိန်ခေါ်အနိုင်ယူနိုင်သည့် အနေအထားမျိုးရှိနေသောကြောင့် ရန်ကုန်အသင်းအတွက်လည်း အလွန်ခက်ခဲသည့်ပွဲဖြစ်လာမှာသေချာသည်။ ယမန်နှစ်ပြိုင်ပွဲတွင် ဒုတိယ နောက်ဆုံးပွဲစဉ်ဖြစ်သည့် မုံရွာမြို့တွင် ကစားခဲ့သည့်ပွဲတွင် ရန်ကုန်အသင်းက ဇေယျာရွှေမြေအသင်းအား အနိုင်ရခဲ့လျှင် ချန်ပီယံဖြစ်လုနီးပါး အခွင့်အရေးကောင်းရှိခဲ့သော်လည်း မမျှော်လင့်သော အလှည့်အပြောင်းနှင့် ဇေယျာရွှေမြေအသင်း၏ တည်ငြိမ်ကောင်းမွန်သော ခြေစွမ်းကြောင့် ရန်ကုန်အသင်း၏ ချန်ပီယံမျှော်လင့်ချက်များ ပျက်ပြယ်ခဲ့ရသလို ဇေယျာရွှေမြေအသင်းမှာလည်း မိမိတို့အိမ်ကွင်း၌ ကစားရသည့် နောက်ဆုံးပွဲစဉ်တွင် ရတနာပုံအသင်းအား သရေကျရုံဖြင့် ချန်ပီယံဆုဖလားကြီး ကိုင်မြှောက်ခွင့်ရမည့် မဟာအခွင့်အရေးကြီးကို ချွတ်ချော်မှုအချို့ကြောင့် လက်လွှတ်ခဲ့ရသည်။

ထို့ကြောင့် ယခုရာသီတွင် ဤနှစ်သင်းစလုံးက ချန်ပီယံ ဖြစ်ကိုဖြစ်ရမည်ဟူသောသန္နိဋ္ဌာန်ဖြင့် အစွမ်းကုန်ပြင်ဆင်ကြိုးစားလျက်ရှိနေသောကြောင့် နှစ်သင်းစလုံး၏ အနေအထားမှာ အသင်းကြီးများ၏ မာန်ထန်အပြည့်ရှိနေသည်။

အသင်းလိုက်ခြေစွမ်းနှင့် တိုက်စစ်အားပြိုင်နေသည့် ပြိုင်ပွဲကြီးဖြစ်နေ၍ ကွင်းထဲသို့ လာကြည့်သည့်ပရိသတ်များအတွက် စိတ်လှုပ်ရှားမှုအပြည့် ပေးစွမ်းမည့်ပွဲကြီးဖြစ်မှာ သေချာသည်။နှစ်သင်းစလုံးမှာလည်း ပရိသတ်အခိုင်အမာရှိပြီး ၎င်းတို့အသင်း ကစားသည့်ပွဲတိုင်းကို ဆိုင်ရာပရိသတ်များက အိုးနှင့်ကျင်းနှင့် တစ်ခဲနက်အားပေးလေ့ရှိသောကြောင့် ယခုပွဲကဲ့သို့ ပွဲကြီးပွဲကောင်းမျိုးကို ဘောလုံးရသအပြည့် ခံစားနိုင်ရန် သုဝဏ္ဏကွင်းထဲသို့ အချိန်နည်းနည်းစော၍ ဖွဲ့ကောင်းစွာလာရောက်အားပေးရန်လိုအပ်မည်ဖြစ်ပါကြောင်း။ ။

MNL ဇယားထိပ်ဆုံးမှ ရန်ကုန်ယူနိုက်တက်နှင့် ဇေယျာရွှေမြေတို့ ယမန်နှစ်က ဆုံတွေ့ခဲ့စဉ်။

## သုံးသပ်ရေးသားသူ စိုးမိုး(IBC)
## မှတ်တမ်းဓာတ်ပုံ MFF

# ရန်ကုန်ပညာရေးတက္ကသိုလ် (၁၉၇၀-၇၅)ခုနှစ် ကျောင်းသား၊ ကျောင်းသူဟောင်းများ တွေ့ဆုံပွဲကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၂၇**

ရန်ကုန်ပညာရေးတက္ကသိုလ်၌ ၁၉၇၀ ခုနှစ်တွင် စတင်တက်ရောက်၍ ၁၉၇၅ ခုနှစ်တွင် ပညာရေးဘွဲ့ရရှိခဲ့ကြသော ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ စတုတ္ထအကြိမ် ပြန်လည်တွေ့ဆုံပွဲကို ဇန်နဝါရီ ၂၉ ရက် (စနေနေ့)တွင် ကျင်းပမည်ဖြစ်သည်။ မွန်းတည့် ၁၂ နာရီတွင် ကန်တော်ကြီးမြေပဒေသာကျွန်း Western Park Royal ၌ နေ့လယ်ပိုင်း တွေ့ဆုံပွဲကျင်းပမည်ဖြစ်ပြီး ညနေ ၅ နာရီတွင် ရန်ကုန်မြို့ ရန်ကင်းပညာရေးကောလိပ်၌ ညနေခင်းတွေ့ဆုံပွဲ ကျင်းပမည်ဖြစ်သည်။

ဦးမြကျော် ဖုန်း-၀၁-၅၆၆၆၁၄၊ ၀၉-၈၆၁၅၂၆၂၊ ဒေါ်သီတာဦး ဖုန်း-၀၁-၂၁၀၆၉၆၊ ၀၉-၅၁၃၈၀၃၄၊ ဦးဝင်းနိုင် ဖုန်း-၀၁-၂၂၂၁၉၃၊ ဦးညွန့်သန်း ဖုန်း-၀၁-၅၁၄၇၀၉၊ ဦးလှမြင့် ဖုန်း-၀၉-၅၁၀၀၈၆၉၊ ဒေါ်စန်းစန်းမြင့် ဖုန်း-၀၉-၅၀၆၀၀၇၉၊ ဦးကျော်ဝင်းမောင် ဖုန်း-၀၁-၅၄၈၅၂၇၊ ဦးအောင်မြင့်စိန် ဖုန်း-၀၁-၅၄၁၆၈၅၊ ဒေါ်မိမိဆွေ ဖုန်း-၀၁-၅၁၅ ၀၀၇၊ ဦးစန်းလွင် ဖုန်း-၀၁-၆၄၁၆၂၉၊ ဦးထွန်းဦးကျော် ဖုန်း-၀၉-၅၀၉၉၉၉၃၊ ဒေါ်သီသီလွင် (Ruby) ဖုန်း-၀၁-၂၉၄၆၅၀၊ ဒေါ်ရီရီမြင့် (Freda) ဖုန်း-၀၁-၃၇၄၆၅၇၊ ဦးစိုးဝင်း ဖုန်း-၀၁-၃၈၈၃၃၂ နှင့် ဦးမြင့်ဦး ဖုန်း-၀၉-၅၁၃၀၃၃၀ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (ကြေးမုံ)

# ပျဉ်းမနားစိုက်ပျိုးရေးသိပ္ပံ မြတ်ဆရာပူဇော်ပွဲကျင်းပ

**ပျဉ်းမနား ဇန်နဝါရီ ၂၇**

ပျဉ်းမနားစိုက်ပျိုးရေးသိပ္ပံ ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ဆဋ္ဌမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို ဇန်နဝါရီ ၄ ရက်က မြေပဒေသာကျွန်းရှိ စိုက်ပျိုးရေးပြတိုက်၌ ကျင်းပရာ ရှေးဦးစွာ ဆရာကြီးဦးသန်းညွန့်အား ပူဇော်ကန်တော့ကြသည်။

ထို့နောက် ကျောင်းသား၊ ကျောင်းသူဟောင်းများက ကန်တော့လက်ဆောင်ပစ္စည်းများဖြင့် ကန်တော့ကြသည်။ **(အပေါ်ပုံ)** ထို့နောက် ဆရာကြီးတစ်ဦးချင်းစီက သြဝါဒစကားပြောကြားပြီး ကျောင်းသားဟောင်း ဦးတင်မောင်ရွှေ၊ ဦးမြနှင့် ဦးသောင်းထွန်းတို့က ကျေးဇူးတင်စကားပြောကြားကြကာ နေ့လယ်စာမိတ်ဆုံစားပွဲကို ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။ (ကြေးမုံ)

**ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့**

# လယ်ယာသန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်း လားရှိုး၌ သင်တန်းဖွင့်

**ရန်ကုန် ဇန်နဝါရီ ၂၇**

မြန်မာနိုင်ငံ လယ်ယာသန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်း ပြည်နယ်အဆင့်သင်တန်းဖွင့်ပွဲကို ဇန်နဝါရီ၂၄ ရက် နံနက် ၉ နာရီခွဲတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ ပြည်နယ်မြေစာရင်းဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်မြေစာရင်းဦးစီးဌာနမှူး ဦးသန်းဝင်းက အမှာစကားပြောကြားသည်။

အဆိုပါသင်တန်းသို့ ပြည်နယ်အတွင်းရှိ ခရိုင်နှင့် မြို့နယ် မြေစာရင်းဦးစီးဌာနများမှ သင်တန်းသားအရာရှိ ၂၈ ဦးတို့ တက်ရောက်ကြပြီး သင်တန်းကာလမှာ ငါးရက်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)

# အမြို့မြို့အနယ်နယ်တွင် သာယာစည်ပင်

မိတ္ထီလာမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ပြည်သာယာ(၃)လမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းကို ဇန်နဝါရီ ၁၀ ရက်က မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးမင်းအောင်မြင့်စိုး ကွင်းဆင်းစစ်ဆေးရာ အဖွဲ့အမှုဆောင်အရာရှိ ဦးမောင်မောင်ဝင်း ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ပန်းတနော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၁၀-၂၀၁၁ အဖွဲ့ရန်ပုံငွေဖြင့်ဆောင်ရွက်သည့် အနောက်ပိုင်းရပ်ကွက် ယွန်းကျောင်းလမ်း ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းကို အငယ်တန်းအင်ဂျင်နီယာ(၂)(မြို့ပြ) ဦးဇေယျာနိုင် ဆောင်ရွက်လျက်ရှိရာ အမှုဆောင်အရာရှိ ဦးအေးသိန်း ဇန်နဝါရီ ၂၀ ရက်က ကွင်းဆင်းကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စာပေနှင့် စာနယ်ဇင်း)

နတ်တလင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ် ဗိုလ်ချုပ်လမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ဇန်နဝါရီ ၁၁ ရက်က ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းလှိုင် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးတင်မော်သန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးညဏ်စိုးတို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

တန့်ဆည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့ပြလမ်းဖြစ်သော အနော်ရထာလမ်း ကျောက်ချောခင်းခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၅ ရက်က မြို့နယ်ဥက္ကဋ္ဌ ဦးကျော်ဒေဝနှင့် အမှုဆောင်အရာရှိ ဦးငွေးကိုတို့ ကွင်းဆင်းစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဦးဇော်သက်နိုင် ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

# လှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ခြင်း

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၁၁)ဖြင့် **ဒေါ်စန်းစန်းဦး** ဥက္ကဋ္ဌ (မဥ္ဇူထွန်းမြင့် ကုမ္ပဏီလီမိတက်၊ ဘုတ်ဆုံမငရုတ်သီးမှုန့်ရောင်းဝယ်ရေး)အား သာသနာတော်ဆိုင်ရာ **သုဓမ္မသိင်္ဂီ** ဘွဲ့တံဆိပ်ချီးမြှင့်အပ်နှင်းခြင်းခံရသည့်အတွက် မိသားစုနှင့်ထပ်တူ လှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ နောင်တွင်လည်း ဘာသာ၊ သာသနာတော်အကျိုးကို ဆတက်တိုး၍ သယ်ပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**SPIKE**
**Collection**
**Cho Cho Phyu Industrial & Manufacturing Co.,Ltd.**



## လက်ထပ်ပြီးစီးခြင်း

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ ကန်လမ်းနေ
ဦးအောင်ကျော်လင်း-ဒေါ်ခင်မေကြူတို့၏ တစ်ဦးတည်းသောသား
**ဒေါက်တာကျော်ကိုသက် M.B.,B.S(Ygn)**
**B.Sc(Hons:) in Biomedical Sciences,**
**University of Bradford (Year-2)**
နှင့်
ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြားလမ်းနေ
ဦးစိုးမြင့်-ဒေါ်တင်မလေးတို့၏ တစ်ဦးတည်းသောသမီး
**မလဲ့ဝတ်ရည်မြင့်(ခ)မီးငယ်**
**ACCA member, BBA, CAT, CIMA(Management Level)**
တို့သည် နှစ်ဖက်သောမိဘများ၏ သဘောတူညီချက်အရ Singapore နိုင်ငံ Registry of Marriage တွင် လက်မှတ်ရေးထိုးပြီး ၉-၁-၂၀၁၁ ရက်တွင် Singapore နိုင်ငံ၊ ဓမ္မမင်္ဂလာဗုဒ္ဓဝိဟာရ၌ မင်္ဂလာဦးဆွမ်းကျွေးပြီးစီးပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့်**
**ဒေါက်တာကျော်ကိုသက်-မလဲ့ဝတ်ရည်မြင့်**



ဆေးဆိုင်အများအပြားနှင့်သူနာပြုအကူမြောက်မြားစွာကိုမွေးထုတ်ပေးခဲ့သည့်

## အောင်ချမ်းမြေ့

**ဆေးဝါးကျွမ်းကျင်၊ သူနာပြုအကူသင်တန်း**

**အမှတ်(၂၄၉)၊ ပထမထပ်၊ ဘားဂရာလမ်းမ၊ မြေနီကုန်း(တောင်)ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။**
**(မြေနီကုန်း-ဂမုန်းပွင့်ကုန်တိုက်အနီး) ဖုန်း-၀၁-၅၀၄၇၅၀၊ ၀၁-၅၀၄၀၇၉၊ ၀၉-၅၁၃၂၂၇၉**

- ပြည်တွင်း၊ ပြည်ပအတွေ့အကြုံရှိ ဝါရင့်ဆေးဝါးကျွမ်းကျင်ပညာရှင်များ၊ သူနာပြုအုပ်(အငြိမ်းစား)များဦးစီးသည်။
- နိုင်ငံခြားဆေးပစ္စည်းဆိုင်ဖွင့်နိုင်ရန်နှင့် ကျွမ်းကျင်သောသူနာပြုအကူဖြစ်စေရန် ပြည့်စုံလုံလောက်သော သင်ရိုးညွှန်းတမ်းစာအုပ်ထုတ်ပေး၍ သင်ကြားမည်။ ဆေးဆိုင်များတွင် လက်တွေ့ဆင်းခြင်း၊ ဆေးခန်းများတွင် လက်တွေ့ဆင်းခြင်းများ ပြုလုပ်ပေးမည်။
- ပြည်တွင်း၊ ပြည်ပအလုပ်အကိုင်ရရှိရန် ကူညီမည်။ ပြည်တွင်း၊ ပြည်ပ အသုံးပြုနိုင်သော သင်တန်းဆင်း အောင်လက်မှတ်ထုတ်ပေးမည်။ သင့်တင့်မျှတသော နှုန်းထားသာယူသည်။
- နိုင်ငံတကာအဆင့်မီ Air-Con အခန်းများတွင် တစ်ယောက်ထိုင်ခုံများဖြင့် သင်ကြားသည်။
- ဘော်ဒါဆောင်ရှိပါသည်။ တန်းခွဲသစ်တစ်ခုလျှင် (၂၀)ယောက်သတ်မှတ်သည်။ တယ်လီဖုန်းဖြင့် ကြိုတင်စာရင်းသွင်းနိုင်သည်။

**"အောင်"ပြီး "ချမ်းမြေ့"မှုတွေရရှိရန် "အောင်ချမ်းမြေ့" ကို လာခဲ့ပါ။**

**နိုင်ငံခြားဆေးပစ္စည်းဆိုင်ဖွင့်ရန်နှင့် သူနာပြုအကူဝင်လုပ်ရန်အတွက်**

**(I) ♦ တစ်လပြတ်အထူးသင်တန်းများ (တစ်ပတ်ငါးရက်သင်)♦**

အပတ်စဉ်(၁၅၀၄) ၁-၂-၂၀၁၁ စမည်။ (စနေနှင့်တနင်္ဂနွေ နားရက်)
အပတ်စဉ်(၁၅၀၅) ၃-၂-၂၀၁၁ စမည်။ (စနေနှင့်တနင်္ဂနွေ နားရက်)

**(II) ♦ နှစ်လပြတ်အထူးသင်တန်းများ (တစ်ပတ်နှစ်ရက်သင်)♦**

အပတ်စဉ်(၁၅၀၆) ၁-၂-၂၀၁၁ စမည်။ (အင်္ဂါနှင့်ဗုဒ္ဓဟူးသင်)
အပတ်စဉ်(၁၅၀၇) ၃-၂-၂၀၁၁ စမည်။ (ကြာသပတေးနှင့်သောကြာသင်)
အပတ်စဉ်(၁၅၀၈) ၅-၂-၂၀၁၁ စမည်။ (စနေနှင့်တနင်္ဂနွေသင်)

**(III) ♦ သုံးလပြတ်အထူးသင်တန်းများ (တစ်ပတ်တစ်ရက်သင်)♦**

အပတ်စဉ်(၁၅၀၉) ၅-၂-၂၀၁၁ စမည်။ (စနေ တစ်ရက်တည်း)
အပတ်စဉ်(၁၅၁၀) ၆-၂-၂၀၁၁ စမည်။ (တနင်္ဂနွေ တစ်ရက်တည်း)

**အထက်ဖော်ပြပါ လပြတ်သင်တန်းများအတွက် သင်ကြားနိုင်သည့်အချိန်များ**

**(I) 6:30 am to 8:30am (V) 1:30 pm to 3:30 pm**
**(II) 7:30 am to 9:30am (VI) 4:30 pm to 6:30 pm**
**(III) 9:30 am to11:30am (VII) 5:30 pm to 7:30 pm**
**(IV) 12:30 pm to 2:30pm**

**♦ နိုင်ငံတကာအဆင့်မီ ကျန်းမာရေးစောင့်ရှောက်မှု ဒီပလိုမာသင်တန်းများ♦**

**(I)သုံးလ၊ (II)ခြောက်လ၊ (III)တစ်နှစ် ဒီပလိုမာသင်တန်းများ (တစ်ပတ်ငါးရက်သင်)**

အပတ်စဉ်(၁၅၁၁) ၁-၂-၂၀၁၁ စမည်။ (စနေနှင့်တနင်္ဂနွေ နားရက်)
အပတ်စဉ်(၁၅၁၂) ၃-၂-၂၀၁၁ စမည်။ (စနေနှင့်တနင်္ဂနွေ နားရက်)

**9:30 am to 3:30 pm**

**မှတ်ချက်။ ။ အထက်ပါလိပ်စာမှလွဲ၍ မည်သည့်နေရာတွင်မှ သင်တန်းခွဲမရှိပါ။**

(Open 6:00 am to 7:00 pm) **ပိတ်ရက်မရှိပါ။**
http://www.acmnursing training.com


# တရုတ်တင်းနစ်မယ် လီနာ ပထမဆုံးအကြိမ် ဗိုလ်လုပွဲတက် ဆာဘီးယားနိုင်ငံသား ဂျိုကိုဗစ်က ဖက်ဒဲရားကို အနိုင်ယူ

**ဝင်းတင်(ကြေးမုံ)**

**မဲလ်ဘုန်း ဇန်နဝါရီ ၂၇**

သြစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲ၏ ၁၁ ရက်မြောက်နေ့အဖြစ် ယနေ့ ဆက်လက်ကျင်းပရာ အမျိုးသမီးတစ်ဦးချင်းအကြိုဗိုလ်လုပွဲတွင် တရုတ်တင်းနစ်မယ်လီနာ အနိုင်ရပြီး ပထမဆုံးအကြိမ်ဗိုလ်လုပွဲသို့ တက်ရောက်သွားပြီဖြစ်သည်။

### အမျိုးသမီးတစ်ဦးချင်း

အမျိုးသမီး တစ်ဦးချင်းပြိုင်ပွဲတွင် ကမ္ဘာ့အဆင့်(၉) တရုတ်တင်းနစ်မယ်လီနာက ကမ္ဘာ့အဆင့်(၁) ဒိန်းမတ်တင်းနစ်မယ် ကာရိုလိုင်းဝေ့ါဇ်နက်ကီကို ၃-၆၊ ၇-၅၊ ၆-၃ ဖြင့် နိုင်ကာ ပထမဦးဆုံးအကြိမ် ဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့သည်။ ထို့ပြင် ဘယ်လ်ဂျီယံတင်းနစ်မယ် ကင်ကလစ္စတားသည်လည်း ရုရှားတင်းနစ်မယ် ဗီရာဇော့ဗ်နာရီဗာကို ၆-၃၊ ၆-၃ ဖြင့်နိုင်ကာ ဗိုလ်လုပွဲသို့ တက်ရောက်သွားပြီဖြစ်သည်။

အမျိုးသမီးတစ်ဦးချင်း နောက်ဆုံးဗိုလ်လုပွဲအဖြစ် အသက် (၂၉) နှစ်အရွယ် တရုတ်တင်းနစ်မယ်လီနာနှင့် အသက် (၂၇)နှစ်ရှိ ရုရှားတင်းနစ်မယ် ဗီရာဇော့ဗ်နာရီဗာတို့ ဇန်နဝါရီ ၂၉ ရက်(စနေနေ့)တွင် ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

သြစတြေးလျအိုးပင်း ဗိုလ်လုပွဲသို့ ပထမဆုံးအကြိမ် တက်ရောက်နိုင်ခဲ့သည့် တရုတ်တင်းနစ်မယ် လီနာ။

### အမျိုးသားတစ်ဦးချင်း

အမျိုးသား တစ်ဦးချင်းပြိုင်ပွဲတွင် ကမ္ဘာ့အဆင့်(၃) ဆာဘီးယားနိုင်ငံသား ဂျိုကိုဗစ်က ကမ္ဘာ့အဆင့်(၂) ဆွစ်ဇာလန်နိုင်ငံသား ရော်ဂျာဖက်ဒဲရားကို ၇-၆၊ ၇-၅၊ ၆-၄ ဖြင့် နိုင်ကာ ဗိုလ်လုပွဲသို့ ဒုတိယအကြိမ်တက်ရောက်နိုင်ခဲ့သည်။ ဂျိုကိုဗစ်သည် ဗိုလ်လုပွဲအဖြစ် ဒေးဗစ်ဖာရာနှင့် အင်ဒီမာရေးတို့ပွဲမှ အနိုင်ရသူနှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ***အင်တာနက်။***

**အနိုင်ရပြီး ဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့သည့် ဂျိုကိုဗစ်**(ဝဲ)**နှင့် ရှုံးနိမ့်သူ ရော်ဂျာဖက်ဒဲရား**(ယာ)**။**

# ဆွာရက်ဇ်ကို ခေါ်ယူရန် လီဗာပူး နှစ်ရက်အချိန်ရမည်ဟု အိုင်းယက်စ် မန်နေဂျာဆို

**အမ်စတာဒမ် ဇန်နဝါရီ ၂၇**

အိုင်းယက်စ်အသင်း၏ မန်နေဂျာ ဖရန့်ဒီဘိုးဝါးက လီဗာပူးအနေဖြင့် ၎င်း၏အသင်းမှ ဥရုဂွေးတိုက်စစ်မှူး လူးဝစ်ဆွာရက်ဇ်ကိုခေါ်ယူရန် နှစ်ရက်သာ အချိန်ရတော့မည်ဖြစ်ကြောင်း သတိပေးပြောကြားလိုက်သည်။

၎င်းက လီဗာပူးအနေဖြင့် ဆွာရက်ဇ်ကို ခေါ်ယူရန် ဇန်နဝါရီ ၂၉ ရက် နောက်ဆုံးထား၍ သဘောတူညီမှုရအောင် ပြုလုပ်ရမည်ဖြစ်ပြီး အပြောင်းအရွှေ့ ဈေးကွက်ပိတ်မည့် ဇန်နဝါရီ ၃၁ ရက် ရောက်သည်အထိ ဆွာရက်ဇ်အတွက် သတ်မှတ်တန်ဖိုး ယူရိုသန်း ၃၀ တွင် တစ်နေ့လျှင် ယူရို ၄ ဒသမ ၃ သန်းတိုးတိုးသွားမည်ဟု နောက်ပြောင်ခြိမ်းခြောက်သွားခဲ့သည်။

"အခြေအနေကတော့ ကြာသင့်သလောက်ကြာခဲ့ပါပြီ။ လီဗာပူးအနေနဲ့ လာမယ့် နှစ်ရက်အတွင်းမှာ သဘောတူညီချက်ရအောင် လုပ်ရပါလိမ့်မယ်။ ဒီလိုမှမဟုတ်ရင်တော့ ဒီအပြောင်းအရွှေ့ ဖြစ်လာမှာမဟုတ်ပါဘူး"ဟု ဒီဘိုးဝါးက ဗုဒ္ဓဟူးနေ့ သတင်းစာရှင်းလင်းပွဲတစ်ခုတွင် ပြောကြားခဲ့သည်။

ဆွာရက်ဇ်သည် အစားထိုးမရနိုင်သော ကစားသမားဖြစ်ပြီး လီဗာပူးအနေဖြင့် ၎င်းကို အလိုရှိပါက မြန်မြန်ဆန်ဆန် လှုပ်ရှားရမည်ဟု ဆိုသည်။

"နှစ်ရက်အတွင်းမှာ ကျွန်တော်တို့ ပြတ်ပြတ်သားသား ဖြစ်ချင်ပါတယ်။ တစ်ဖက်ကတွေးကြည့်ရင် နှစ်ရက်ဆိုတာ တောင် ကြာနေပါသေးတယ်။ ဇန်နဝါရီ ၂၉ ရက် ရောက်ရင်တော့ ဘယ်လိုဖြစ်လာမယ်ဆိုတာ ကျွန်တော်တို့ တိတိကျကျ သိရမှာပါ"ဟု ဒီဘိုးဝါးက ဆိုသည်။

***အင်တာနက်။***

ဥရုဂွေးတိုက်စစ်မှူး လူးဝစ်ဆွာရက်ဇ်။

**စိုးတင့်နိုင်**

# ရီးယဲလ်မက်ဒရစ်အသင်း အဒီဘာယောကို ခေါ်ယူ

**မက်ဒရစ် ဇန်နဝါရီ ၂၇**

ကမ္ဘာ့အင်အားကြီး ဘောလုံးအသင်းဖြစ်သည့် စပိန်လာလီဂါထိပ်သီးကလပ် ရီးယဲလ်မက်ဒရစ်သည် မန်စီးတီးအသင်းတွင် ပုံမှန်ပွဲထွက်ခွင့်မရသည့် အဒီဘာယောကို ယခုနှစ်ရာသီကုန်အထိ အငှားစာချုပ်ဖြင့် ခေါ်ယူနိုင်ခဲ့ပြီဖြစ်သည်။

ရီးယဲလ်မက်ဒရစ်အသင်းက အဒီဘာယောအနေဖြင့် ရာသီကုန်အထိ အငှားစာချုပ်ဖြင့် ကစားစဉ်ကာလအတွင်း ခြေစွမ်းပြနိုင်မည်ဆိုပါက အပြီးသတ် ခေါ်ယူမည်ဟုဆိုသည်။ အဒီဘာယောသည် ဇန်နဝါရီ အပြောင်းအရွှေ့ကာလတွင် ရီးယဲလ်မက်ဒရစ်အသင်း၏ ပထမဦးဆုံးခေါ်ယူခဲ့သည့် ကစားသမားဖြစ်သည်။ ၎င်းသည် မန်စီးတီးအသင်းနှင့်အတူ ယူရိုပါလိဂ်တွင် ပါဝင်ကစားထားခဲ့သော်လည်း အသင်းသစ် ရီးယဲလ်မက်ဒရစ်နှင့်အတူ ချန်ပီယံလိဂ်ပွဲများတွင် ပါဝင်ခွင့်ရမည်ဟု သိရသည်။

ဇန်နဝါရီ ၁၈ ရက်မှ ၂၆ ရက်အထိ အခြားအသင်းများ၏ ကစားသမားအပြောင်းအရွှေ့များမှာ ဒါရင်ဘန့် (ဆန်းဒါးလန်းမှ ဗီလာ-ပေါင် ၁၈ သန်း)၊ စတီဖင်ဒါဘီ (လီဗာပူးမှ နော့ကောင်တီ-အငှား)၊ ဂျွန်ကာရူး (ဗီလာမှ စတုတ်စီးတီး-အငှား)၊ အာရွန်ရမ်ဆေး (အာဆင်နယ်မှ ကာဒက်ဖ်-အငှား)၊ ဂျိုနသန်ဟော့ဂ်(ဗီလာမှ ပို့စ်မောက်-အငှား)၊ ဂယ်ရီအိုနေးလ်(မစ်ဒယ်ဘရော့မှဝက်စ်ဟမ်း-မဖော်ပြ)၊ ဘာဘယ် (လီဗာပူးမှ ဟော့ဖန်ဟိန်း-ပေါင်၆သန်း) နှင့် ကာကူတာ (ချယ်လ်ဆီးမှ ဖူလ်ဟမ်-အငှား)တို့ ဖြစ်ကြသည်။

***အင်တာနက်။***

- ❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
- ❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

- ❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
- ❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
- ❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

## ပြည်သူ့ဆန္ဒသဘောထား

- ☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

- ☆ VOA, BBC - ရန်တိုက်ပေးနေသည်။
- ☆ RFA, DVB - သွေးထိုးနေသည်။
- ☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား - နားမယောင်လေနဲ့ သတိထား။

# ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပိုမိုမြင့်တင်ဆောင်ရွက်ပေးနိုင်တော့မည့် ဘိုကလေးမြို့က ခုတင်(၁၀၀)ဆံ့ ဆေးရုံသစ်ကြီး

**ဘိုကလေးမြို့။**

**မြန်မာ့ပင်လယ်ပြင်နှင့် အလှမ်းမဝေးသောမြို့တစ်မြို့ဖြစ်သည်။ မြစ်ချောင်းအသွယ်သွယ်ပေါကြွယ်လှသည့် ဧရာဝတီမြစ်ဝကျွန်းပေါ် ဒေသ၏ ပင်လယ်နှင့်ထိစပ်နေသောအပိုင်း၌ တည်ရှိသည်။ ထို့ကြောင့် နာဂစ်မုန်တိုင်းတိုက်ခတ်ခဲ့စဉ်က ဆိုးရွားစွာထိခိုက်ပျက်စီးခဲ့သည်။ လူ၊ ပစ္စည်း၊ အဆောက်အအုံများစွာ ပျောက်ပျက်ဆုံးရှုံးခဲ့သည်။ သို့သော် ယခုအချိန်အခါတွင်မူ ပျက်စီးဆုံးရှုံးမှုများကြားမှ အချိန်တိုအတွင်း လျင်မြန်စွာ ရုန်းကြွလာနိုင်ခဲ့ပေပြီ။**

အဆိုပါဘိုကလေးမြို့သို့ နာဂစ်လွန်ကာလများတွင် အခေါက်ခေါက် အခါခါ ရောက်ရှိခဲ့သည်။ မြို့ပြန်လည်စည်ပင်ဖွံ့ဖြိုးလာမှုက တစ်ခေါက်နှင့် တစ်ခေါက်မတူ။ သိသာစွာ ပြောင်းလဲတိုးတက်လာသည်ကို တွေ့ရ သည်။ အဟောင်းအနွမ်း အဆွေးအမြည့် အပျက်အစီးများကြားမှ အသစ် အသစ်သော အဆောက်အအုံများက တစ်ခုပြီးတစ်ခု ငွားငွားစွင့်စွင့် ပေါ်ထွက်လာခဲ့သည်။ မြို့အင်္ဂါရပ်နှင့်ညီညွတ်ပြီး ခမ်းနားထည်ဝါလှသည့် မြို့တော်ခန်းမကြီးကို တည်ဆောက်ဖွင့်လှစ်နိုင်ခဲ့ပြီ။ မိုးလုံလေလုံ အားကစားရုံကြီးကိုလည်း တည်ဆောက်ပြီးစီးခဲ့ပြီ။ သာသနိက အဆောက်အအုံများ၊ စာသင်ကျောင်းများ၊ မြို့တွင်းလမ်းများသည်လည်း ပြန်လည်ပြုပြင် မွမ်းမံပြီးစီးခဲ့ပေပြီ။

ယခုတစ်ဖန် အသစ်တည်ဆောက်ဖွင့်လှစ်လိုက်သည်မှာကား ခုတင် (၁၀၀)ဆံ့ ပြည်သူ့ဆေးရုံသစ်ကြီးပင် ဖြစ်သည်။ အဆိုပါဆေးရုံကြီးကို ဇန်နဝါရီ ၁၃ ရက် နံနက်ပိုင်းက အောင်မြင်စွာ ဖွင့်လှစ်ပေးနိုင်ခဲ့သည်။ ဆေးရုံဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခွင့်ရခဲ့သည့်အားလျော်စွာ ဆေးရုံကြီး၏ တင့်တယ်ခမ်းနားမှုကို မျက်ဝါးထင်ထင် တွေ့မြင်ခဲ့ရသည်။ ထို့အတူ ဆေးရုံဆိုင်ရာအချက်အလက်များ၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်မည့်အခြေအနေများကိုလည်း လေ့လာမေးမြန်းခွင့် ရခဲ့သည်။

ရှေးဦးစွာ ဘိုကလေးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးထင်ကျော်အား မေးမြန်းကြည့်ရာ "ကျွန်တော်တို့မြို့နယ်မှာ ရပ်ကွက် ၁၀ခု၊ ကျေးရွာအုပ်စုပေါင်း ၇၁ အုပ်စု၊ ကျေးရွာပေါင်း ၅၇၅ ရွာရှိပြီး လူဦးရေ သုံးသိန်းကျော်

**စာမျက်နှာ ၉ ကော်လံ ၁ သို့**❊

### ထူးခြားသည့် ညအပူချိန်များ

(၂၇-၁-၂၀၁၁)

| | | |
|---|---|---|
| ဟားခါး | ၁ | ဒီဂရီစင်တီဂရိတ် |
| လားရှိုး | ၄ | ဒီဂရီစင်တီဂရိတ် |
| ပင်လောင်း | ၅ | ဒီဂရီစင်တီဂရိတ် |

သတင်းဆောင်းပါးနှင့်
ဓာတ်ပုံ - ရန်ကြီးအောင်

ဒေသခံပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှု အပြည့်အဝပေးနိုင်ရန် တည်ဆောက်ပေးထားသော ဘိုကလေးမြို့ ခုတင်(၁၀၀)ဆံ့ ဆေးရုံသစ်ကြီးကို တွေ့ရစဉ်။